မြဝတီ ...

The Mirror Daily
Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင်တည်ထောင်သည်။

အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 12 November 2025 ၁၁၉၉၉

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့် အပြင် ၎င်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းလျက်ရှိသည်။

“ KK Park ဇုန်(A)အတွင်းမှာ အဆောက်အအုံ စုစုပေါင်း ၁၄၈ လုံး ရှိပါတယ်။ ဒီနေရာမှာ အွန်လိုင်း လိမ်လည်မှုတွေ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

KK Park အတွင်းရှိ ဇုန်အလိုက် ဆက်လက်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံအား တွေ့ရစဉ်။

ယနေ့ ဖတ်စရာ

(၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက် စာမျက်နှာ » ၂

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များ ပါဝင်ဆောင်ရွက် စာမျက်နှာ » ၅

နိုင်ငံတော် ရွှေသီးဖို့ ပြည်ပပို့ကုန်စပါး အထူးဇုန်များ ဖော်ထုတ်စို့ ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

ပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များချမှတ်ဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူထားသည့်ကာလအတွင်း နိုင်ငံတည်ငြိမ်အေးချမ်းစေရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရေး၊ လူတိုင်းကျန်းမာရေး ကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးကို သက်ဆိုင်ရာနယ်ပယ်များအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားလုံးလွှမ်းခြုံမိစေရန် ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး" ဟူသည့် ဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆက်စပ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အများစုလုပ်ကိုင်ကြသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်ရာတွင် သမားရိုးကျဆောင်ရွက်ခြင်းမှသည် ခေတ်မီတိုးတက်သည့် စက်မှုကဏ္ဍဖြင့် ဆောင်ရွက်မှသာလျှင် ပြည်သူများ၏ လူမှုစီးပွားဘဝများကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍတွင် ကုန်ထုတ်လုပ်ငန်းများကို အဆင့်မြင့်စက်မှုကဏ္ဍအဖြစ် ပြောင်းလဲရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများကို စက်မှု ကဏ္ဍမြှင့်တင်၍လည်းကောင်း၊ နည်းပညာနှင့် ပေါင်းစပ်၍လည်းကောင်း တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေး ပိုမိုတိုးတက်စေမည်ဖြစ်သည်။ ဒေသအလိုက် အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများကို မြို့ကြီးများတွင်သာမက အစွန်အဖျား ဒေသများပါမကျန် အကြားအလပ်မရှိအောင် ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသား ပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ပါက စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ရေး စသည့်လုပ်ငန်းကဏ္ဍအသီးသီးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံနှင့် လူမျိုးအားလုံး ကြုံတွေ့လာနိုင်သည့် အခက်အခဲများ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများကို တိုင်းရင်းသားပြည်သူများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် လက်တွဲညီညီ ပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားသည်။ လက်ရှိတွင်လည်း ပြည်သူများက နိုင်ငံတော်နှင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ခြင်းကြောင့် အောင်မြင်မှုများ အတိုင်းအတာတစ်ခုအထိ ရရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

အောင်မြင်မှုများ ယခုထက်ပိုမိုရရှိပြီး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုတက်သည့် ဒေသများဖြစ်လာစေရေးအတွက် ဒေသအလိုက် နေထိုင်ကြသော တိုင်းရင်းသား ပြည်သူအားလုံးက မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ကျရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း လိုက်ပါဖွံ့ဖြိုးလာမည်ဖြစ်၍ စီးပွားရေး တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားမြင့်မားရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့အချိန်ကာလတွင် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကြုံတွေ့လာနိုင်သည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးနှင့် ခံနိုင်ရည်ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးကို တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

(၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာချက်

၁။ (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများ စာရင်းကို (၁၁-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို (၂၄-၁၁-၂၀၂၅)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၇-၁၁-၂၀၂၅)ရက်နေ့မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၁၁-၁၁-၂၀၂၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများ စာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

၁၁ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၁၁ - ၂၀၂၅

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၆၀၀	၈,၇၀၀	၂၄၆	၂,၁၂၆,၆၀၀
MTSH	၃,၄၅၀	၃,၅၀၀	၁,၉၂၁	၆,၇၁၃,၅၀၀
MCB	၇,၈၀၀	၇,၈၀၀	၁၁	၈၅,၈၀၀
FPB	၂,၂၀၀	၂,၁၅၀	၃၂၃	၆၈၂,၉၀၀
TMH	၂,၉၀၀	၂,၉၀၀	၉၆	၂၇၈,၄၀၀
EFR	၁,၇၀၀	၁,၇၀၀	၃၁၃	၅၃၂,၁၀၀
AMATA	၃,၅၅၀	၃,၅၅၀	၄၆၁	၁,၆၃၆,၅၅၀
MAEX	၃,၁၅၀	၃,၁၅၀	၁,၉၆၅	၆,၀၉၂,၁၅၀
MADPL(PLB)	၂,၇၅၀	၂,၇၀၀	၆၉၁	၁,၈၆၅,၇၅၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အွန်လိုင်း လောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီး မလုပ်ဆောင်နိုင်အောင် အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ အဆောက်အအုံ ၁၁၀ ကိုတော့ ဖြိုချဖျက်ဆီးပြီးပါပြီ။ ကျန်ရှိတဲ့ အဆောက်အအုံ ၅၂၅ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာ ဖြစ်ပါတယ်” ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

KK Park အတွင်းရှိ အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

မြဝတီ – မဲ့ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိကြောင်း သိရသည်။

အဆိုပါ ဇုန် (B) တွင် တစ်ထပ်လူနေအဆောက်အအုံ ခုနစ်လုံး၊ နှစ်ထပ်လူနေအဆောက်အအုံ ၂၉ လုံး၊ သုံးထပ်လူနေအဆောက်အအုံ ငါးလုံး၊ ဆောက်လုပ်ဆဲ လေးထပ်အဆောက်အအုံ ခုနစ်လုံး၊ ဆောက်လုပ်ဆဲ ငါးထပ်အဆောက်အအုံ ငါးလုံးနှင့် ဂိုဒေါင်တစ်ထပ်အလုံး ၂၀ စုစုပေါင်း ၇၃ လုံး တည်ရှိခဲ့သည်။

အလားတူ ဇုန်(C)တွင် တစ်ထပ်လူနေအိမ် ၃၃ လုံး၊ နှစ်ထပ်လူနေအိမ် ၂၁၆ လုံး၊ သုံးထပ်လူနေအိမ် ၄၂ လုံး၊ လေးထပ် လူနေအိမ် ၃၉ လုံး၊ ငါးထပ်လူနေအိမ် ၁၂ လုံး၊ ခြောက်ထပ်လူနေအိမ် လေးလုံး၊ ဘတ်စကက်ဘောကွင်း တစ်ခု၊ ဆေးရုံ နှစ်ရုံ၊ နှစ်ထပ် SPA အဆောက်အအုံတစ်လုံး၊ တစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်ဈေးဆိုင်တန်း ငါးလုံး၊ နှစ်ထပ်စူပါမားကတ် တစ်လုံး၊ တစ်ထပ် စူပါမားကတ် တစ်လုံး၊ ငါးထပ်ဟိုတယ် တစ်လုံး၊ လေးထပ်ဟိုတယ် တစ်လုံး၊ တစ်ထပ် ဂိုဒေါင် ၃၅ လုံး၊ ဆေးခန်း နှစ်ခန်း၊ နှစ်ထပ်မုန့်ဆောင် တစ်လုံး၊ နှစ်ထပ် Club တစ်ခု၊ နှစ်ထပ် KTV တစ်လုံး၊ တစ်ထပ်စားဖိုဆောင် နှစ်လုံး၊ ရေစုကန် တစ်လုံး၊ တစ်ထပ်ဂိုဒေါင်ကြီးခြောက်လုံး၊ တစ်ထပ်လူနေအိမ်တန်းလျား ငါးလုံး စုစုပေါင်း ၄၁၄ လုံး တည်ရှိခဲ့သည်။

KK Park နယ်မြေအတွင်း နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သော အဆောက်အအုံများ အတွက် လိုအပ်သည့်ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးအဆောင် ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

❝ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိ❞

မြဝတီမြို့ – မဲ့ထော်သလေး KK Park နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံသား ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယား နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

❝၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်❞

KK Park အတွင်းရှိ ဇုန်အလိုက် ဆက်လက်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများကို တွေ့ရစဉ်။

KK Park အတွင်းရှိ ဇုန်အလိုက် ဆက်လက်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများကို တွေ့ရစဉ်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်း လောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည်။

အောင်ကျိုင်း၊ ဓာတ်ပုံ– မင်းမင်း

KK Park အတွင်းရှိ အဆောက်အအုံများအား ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရာဇီးနိုင်ငံ၏ (၂၀၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်

ရန်ကုန် နိုဝင်ဘာ ၁၁

ဘရာဇီးနိုင်ငံ၏ (၂၀၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး နေအိမ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး HE Mr. Gustavo Rocha de Meneses နှင့် တာဝန်ရှိသူများက ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ညှော်သည်တော်များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘရာဇီးနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုတောင်းစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညှော်ခံပွဲသို့ တက်ရောက်လာသော ညှော်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ် တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့်အတူ နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တွင် ကျင်းပခဲ့သည့် First Asian Cooperation Dialouge Ministerial Meeting on Sports သို့ တက်ရောက်ခဲ့ပြီး "ရုရှားနိုင်ငံဆိုင်ရာ အားကစားဖိုရမ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "အမျိုးသား အားကစား၏ အနာဂတ် – ရိုးရာဓလေ့ကို ပြန်လည် ထုတ်ဖော်ပြသခြင်း" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "လူထုအားကစားတွင် ကမ္ဘာလုံးဆိုင်ရာလမ်းကြောင်းများ မှတစ်ဆင့် နိုင်ငံတကာအားကစားစီမံကိန်းများအထိ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ဘောလုံး၏ အနာဂတ် ၂၀၃၀ ခုနှစ်တွင် ရုရှားပရီးမီးယားလိဂ်အတွက် မဟာဗျူဟာ လမ်းညွှန်ချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Alexander Nikitin နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့အားကစားအောင်မြင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာနှင့်ပတ်သက်၍ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တော်ဝန်နှင့် တွေ့ဆုံခဲ့၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အားကစားဝန်ကြီး Siarhei Kavalchuk နှင့် တွေ့ဆုံခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ်မှ စတင်၍ MOU နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာအရ ဘယ်လာရုစ်နိုင်ငံမှ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ကနူးကယက်လှေ၊ အနောက်တိုင်းလှေ၊ ဆာလော်လွှမ်လှေ နည်းပြများ မြန်မာနိုင်ငံသို့ စေလွှတ်ပေးနိုင်ရေးကိစ္စရပ်များကို လည်းကောင်း၊ ကာဇက်စတန်နိုင်ငံ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Yerbol Myrzabosynov နှင့်တွေ့ဆုံ၍ လက်ဝှေ့အားကစားနည်းနှင့် နပန်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းပြများ ရရှိစေရေးကို ကူညီဆောင်ရွက်ပေးရန် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တွင် ကျင်းပသည့် XIII International Sports Forum "Russia: Country of Sports, Plenary Session" (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အာရှပူးပေါင်းဆောင်ရွက်ရေး (ACD) အဖွဲ့ဝင် နိုင်ငံများမှ အားကစား ဝန်ကြီးများနှင့် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက **"အားကစားမြှင့်တင်ရေး အစဉ်အလာမှ ဆန်းသစ်တီထွင်မှုသို့ – ACD နိုင်ငံများရှိ အားကစား၏ အနာဂတ်"** ဆောင်ပုဒ်ဖြင့် ACD အဖွဲ့ဝင်နိုင်ငံများအကြား အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသုံးစွဲမှုနှင့် လူငယ်အားကစားသမားများကို အားပေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားကဏ္ဍတွင် နိုင်ငံတကာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်တွေ့အသုံးချနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Palace of Sports ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး ပြတိုက်အတွင်းရှိ အားကစားပစ္စည်းနှင့် အဆောက်အအုံများကို လေ့လာသုံးသပ်ကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲစီမံခန့်ခွဲမှုတွင် အသုံးချနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အားကစားသမားများ၏ လေ့ကျင့်မှု၊ လုံခြုံရေးနှင့် နည်းပညာအသုံးချမှုဆိုင်ရာ အကောင်းဆုံးနည်းဗျူဟာများကို စူးစမ်းလေ့လာပြီး လိုအပ်သည့် အကြံဉာဏ်များကိုလည်းကောင်း ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ပြီး Samara မြို့ရှိ Vysotsky အားကစားနန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီး ဦးဆောင်၍ **"အနာဂတ်အတွက် အားကစားအတူတကွအနိုင်ရရှိခြင်း"** မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်၍ အားကစားကဏ္ဍတွင် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှု၊ လူငယ် အားကစားသမားများ တိုးတက် စွမ်းဆောင်နိုင်ရေးနှင့် နည်းပညာ အသုံးချမှုများ ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်များကိုဖော်ပြသုံးသပ်ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံရှိ လူငယ်များနှင့် လက်ရွေးစင်အားကစားသမားများ အနေဖြင့် အားကစား ကဏ္ဍအလိုက် လေ့ကျင့်နေမှု အခြေအနေများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှား–မြန်မာ အားကစားနှင့် လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် Samara မြို့၌ ကျင်းပခဲ့သည့် Memorial Parade စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် Samara မြို့မှ မော်စကိုမြို့၊ မော်စကိုမြို့မှ ဒူဘိုင်းမြို့၊ ဒူဘိုင်းမြို့မှ ဘန်ကောက်မြို့၊ ဘန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရွှေကျင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရွှေကျင် နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို နိုဝင်ဘာ ၁၀ ရက်တွင် ပြုလုပ်သည်။

အဆိုပါ ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရွှေကျင်မြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်သူ၏ ဦးဆောင်မှုဖြင့် သံဆိပ်ကျေးလက်ကျန်းမာရေးဌာန အနောက်ဘက် ကျေးလက်ကျန်းမာရေးဌာနခွဲအပိုင် အနောက်ဘက်ကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်အားဆေး(KIRK Prenatal)များ ပေးခြင်း၊ ဗီတာမင်ဘီဝမ်းဆေးပြားပေးခြင်း၊ ကိုယ်ဝန်ဆောင်သန်ချဆေးတိုက်ကျွေးခြင်း၊ မမွေးဖွားမီ၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီး ဆောင်ရန်/ရှောင်ရန်များနှင့် ဒေသထွက်သားငါး၊ အသီးအရွက်များဖြင့် အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန် ကျန်းမာရေးပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၄၆
ရက်
သာ လိုတော့သည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရမည့်အချက်များ

၁။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အဆိုပါကျောင်းများတွင် ကျောင်းတက်ရောက်ရမည့် ကျောင်းသား၊ ကျောင်းသူများအနက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရှိ ကျောင်းများတွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ရွေးကောက်ပွဲ စတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သော မိမိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများအား ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

(ခ) သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း သွားရောက်မဲပေးနိုင်ပါသည်။

၂။ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသား စိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"
"လွတ်လပ်မျှတ၊ မဲပေးကြ"

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များပါဝင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရုပ်ရှင်အနုပညာရှင်များကလည်း အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြသည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်ကြရန်အတွက် ပြည်သူချစ်သော ရုပ်ရှင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှစတင်ပြီး ရန်ကုန်မြို့ အနုပညာရပ်ဝန်း၌ ရုပ်ရှင်ဒါရိုက်တာများနှင့် အနုပညာရှင်များပူးပေါင်း၍ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုတွင် ရုပ်ရှင်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ ထွန်းထွန်း၊ အကယ်ဒမီ ရွှေထူး၊ ညီနန္ဒ၊ ဟိန်းဝေယံ၊ ပိုင်တံခွန်၊ အောင်ရဲလင်း၊ အလင်းရောင်၊ တိုင်ရှွန်၊ လွှမ်းပိုင်၊ ကျော်ထက်အောင်၊ ထူးအောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ စိုးပြည့်သဇင်၊ အကယ်ဒမီ ဖွေးဖွေး၊ အကယ်ဒမီ ဝတ်မှုံရွှေရည်၊ အကယ်ဒမီ ချောရတနာ၊ အကယ်ဒမီ အေးမြတ်သူ၊ အကယ်ဒမီ ရွှေမှုန်ရတီ၊ အကယ်ဒမီ ခင်ဝင့်ဝါ၊ မိုးဟေကို၊ ယွန်းဝတီလွင်မိုး၊ ပိုးမမီသာ၊ ရတနာဗို၊ သဉ္ဇာဝင့်ကျော်၊ ဖူးစုံ၊ နော်ဖေဖေအယ်ထား၊ ဆောင်းဝတ်ရည်မေ၊ မေပန်းချီ၊ သဲစုညိမ်း၊ မေမီကိုကို နှင့် ရွှေသမီးတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဘားအံမြို့၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး ပြန်လည်စိစစ် စစ်ဆေး

ဘားအံ နိုဝင်ဘာ ၁၁

၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိ ပြည်သူများ မဲပေးနိုင်ရေး၊ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ပြန်လည်စိစစ် စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ ပြန်လည်စိစစ် ဆောင်ရွက်ရာတွင် ဘားအံမြို့နယ်အတွင်းရှိ တိုက်နယ်ကိုးခုမှ မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်းများ မှန်ကန်စေရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲ အရာရှိ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များပါဝင်သော စိစစ်ရေးအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်း၍ စိစစ် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရမည်းသင်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း နိုဝင်ဘာ ၁၁

ရမည်းသင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သင်းရတနာခန်းမ၌ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး စိစစ်ရေးအဖွဲ့မှ စစ်ဆေးခြင်းကို ခရိုင်/မြို့နယ် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ကော်မတီများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြသည်။

အဆိုပါစိစစ်ရေးအဖွဲ့မှ မဲစာရင်းများ စစ်ဆေးခြင်းဆောင်ရွက်နေမှုကို ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့်အဖွဲ့ဝင်များက ရမည်းသင်းမြို့နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်သော စိစစ်ရေးအဖွဲ့တို့မှ ဒုတိယအကြိမ် ကပ်ထားကြေညာမည့် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ပေါင်းစပ် ညှိနှိုင်း စစ်ဆေးဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတော်ရွှေသီးဖို့ ပြည်ပပို့ကုန်စပါးအထူးဇုန်များ ဖော်ထုတ်စို့

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်သောနိုင်ငံဖြစ်ပါသည်။ ဆန်သည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးက အဓိကအစားအစာအဖြစ် နေ့စဉ် စားသုံးနေသော စွမ်းအားဖြည့်အာဟာရဖြစ်ပါသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသည့် စားသုံးကုန်သီးနှံဖြစ်သကဲ့သို့ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သော မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုလည်း ဖြစ်ပါသည်။

မိုးငယ်

တစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုး ဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်း၊ စိုက်ဧကအားဖြင့် ဧက ၁၇ သန်းဝန်းကျင်ကို နှစ်စဉ်စိုက်ပျိုးပြီး စိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုတွင် အသုံးပြုပါသည်။ ကျန်ရှိသော ၂၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့မှုကိုကြည့်ပါက ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၈၇ သန်း၊ ၂၀၂၁-၂၀၂၂ (အောက်တိုဘာ-မတ်) ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၃၈ သန်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၂၆ သန်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် ၁ ဒသမ ၆၈ သန်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မက်ထရစ်တန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပဝင်ငွေရရှိရေးဆောင်ရွက်

လက်ရှိတင်ပို့နိုင်သော ပမာဏထက် တိုးမြှင့်တင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေရရှိရေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ကြရာတွင် ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးများဖြစ်သော ဆင်းသုခ၊ ရက်-၉၀၊ အောင်နိုင်တိုး၊ နံ့ကောက်၊ ရတနာတိုး၊ သီးထပ်ရင်၊ မော်ဘီ-၂၊ မော်ဘီ-၃၊ ကရင်မ၊ ထွန်းပုနှင့် ငစိန်ရာကျော်၊ အမွှေးရနံ့ပါရှိသော ပေါ်ဆန်းနှင့် လုံးသွယ်မွှေးတို့ကို ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်ပါသည်။ မြန်မာ့ဆန်ကို တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ ပိုလန်၊ စပိန်၊ ဘူဂေးရီးယား၊ ချက်၊ မက်ဒါဂတ်စကာ၊ တိုဂိုနှင့် နယ်သာလန်နိုင်ငံတို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပန်းတိုင်အထွက်နှုန်း လျာထားသတ်မှတ်ချက် တစ်ဧက တင်း ၁၀၀ ပြည့်မီကျော်လွန်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍ၏ အခြေခံ မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် နည်းလမ်းများဖြင့် ဒေသရေမြေ ရာသီဥတုနှင့်သင့်တော်သော ဈေးကွက်ဝင် အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာကျန်းမာသန်စွမ်းစေရန်အတွက် လိုအပ်သော အာဟာရများ စနစ်တကျထည့်သွင်းပေးခြင်း၊ သင့်တော်သော ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခြင်းနှင့် ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးပြုစုခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်တွင်းစားသုံးမှုဖူလုံ၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် စပါးစိုက်ပျိုးထုတ်လုပ်မှုများကို ရေရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ပြည်ပဈေးကွက်ဝင် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးခြင်းနှင့် အရည်အသွေးပြည့်မီသည့် ဆန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပပို့ကုန် စပါးအထူးဇုန်များကို ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ အဆိုပါဇုန်များ ဖော်ဆောင်ရာတွင် ကြုံတွေ့လာရမည့် စိန်ခေါ်မှုများကို အခွင့်အလမ်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ဩဂုတ် ၁၈ ရက်က နေပြည်တော် ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ဆန်စပါးတင်ပို့မှု အထူးဇုန်များဖော်ဆောင်ရေး တွေ့ဆုံဆွေးနွေးစဉ်။

တစ်ရပ်အနေဖြင့် အသုံးချ၍ အစိုးရ၊ ပုဂ္ဂလိက၊ အသင်းအဖွဲ့ ကဏ္ဍအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

အဆိုပါ **အထူးဇုန်ဆိုသည်မှာ ဆန်ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အထူးစီမံခန့်ခွဲသည့် ဧရိယာတစ်ခုဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ အစိုးရ-ပုဂ္ဂလိက-တောင်သူ ပူးပေါင်း၍ စီမံဆောင်ရွက်သည့်ဒေသကို ဆိုလိုပါသည်။ ဇုန်များဆောင်ရွက်ရသည့် ရည်ရွယ်ချက်များမှာ အရည်အသွေးကောင်းမွန်သော ဆန်များ ထုတ်လုပ်မှုနှင့် တင်ပို့မှုပမာဏကို တိုးမြှင့်ရန်၊ ပြည်တွင်းမှ လယ်သမားများ၊ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ စိုက်ပျိုးထုတ်လုပ်သူ၊ ဝယ်ယူကြိတ်ခွဲရောင်းချသူနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သော ရေရှည်တည်ငြိမ်သော ဈေးကွက်ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်ဖြစ်ပါသည်။**

စပါးအထူးဇုန်များ နေရာရွေးချယ်သတ်မှတ်

ပြည်ပပို့ကုန်စပါးအထူးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နေရာရွေးချယ်သတ်မှတ်ရာတွင် ရေ၊ မြေ၊ ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောဒေသများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရန်၊ မြေပြုပြင်သည်မှ ရိတ်သိမ်းချိန်အထိ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို အသုံးပြုရန် အလားအလာရှိသည့်ဒေသဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိခြင်း၊ ထွက်ရှိလာသော သီးနှံများကို သယ်ယူရလွယ်ကူပြီး ကြိတ်ခွဲသန့်စင်အခြောက်ခံခြင်းကို အချိန်မီဆောင်ရွက်နိုင်၍ အရည်အသွေးပြည့်မီသော သီးနှံများရရှိခြင်း စသည့်အားသာချက်များ ရရှိမည်ဖြစ်ပါသည်။

ထို့အပြင် ရွေးချယ်သတ်မှတ်ထားသော ဈေးကွက်ဝင် အထွက်ကောင်းမျိုးများကို တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်သည့်ဒေသကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နည်းပညာများကို အပြည့်အဝ လိုက်နာဆောင်ရွက်နိုင်ပြီး ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းအဖွဲ့များနှင့် လက်ရှိ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော တောင်သူများရှိသည့်ဒေသကို ဦးစားပေးရွေးချယ်ရပါမည်။ ဇုန်များတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် ဈေးကွက်လိုအပ်ချက်အရ အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း လိုက်နာဆောင်ရွက်သင့်ပါသည်။

ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရာတွင် ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းသည့် နည်းစနစ်ကို

> **ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ပြည်တွင်းစားသုံးမှုဖူလုံ၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားမည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် စပါးစိုက်ပျိုးထုတ်လုပ်မှုများကို ရေရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်**

အသုံးပြုရမည်ဖြစ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘာဝမြေဩဇာများ တိုးမြှင့်သုံးစွဲသည့်စနစ်ကို ဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများဖြစ်သည့် ကုန်ထုတ်လမ်းများ၊ သိုလှောင်ရုံများ၊ ကြိတ်ခွဲစက်၊ သန့်စင်စက်၊ အခြောက်ခံစက် စသည်တို့လည်း ပြည့်စုံရပါမည်။

အဆိုပါဇုန်များ အကောင်အထည်ဖော်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများမှာ များပြားလှပါသည်။ လယ်သမားများအနေဖြင့် စပါးကုန်သည်များသို့ ရောင်းချခြင်းထက် ပြည်ပသို့တင်ပို့မည့် ဝယ်လက်ကြီးများထံသို့ တိုက်ရိုက်ရောင်းချနိုင်ခြင်း၊ အရည်အသွေးမြင့်သော ဆန်စပါးကို ရောင်းချနိုင်သည့်အတွက် ဈေးကောင်းရကာ ဝင်ငွေပို၍ကောင်းခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ခေတ်မီနည်းပညာများကို လေ့လာသင်ယူခွင့်ရခြင်း၊ စနစ်ကျစွာ ဖွဲ့စည်းထားသော ဇုန်ဖြစ်သည့်အတွက် ဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ စသည်တို့ထံမှ ချေးငွေများ လွယ်ကူစွာရရှိခြင်း စသည့် ခံစားခွင့်များကို လယ်သမားများ ရရှိနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် **အရည်အသွေးမြင့်သောဆန်များ ပိုမိုတင်ပို့နိုင်သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်း၊ ဗီယက်နမ်တို့နှင့် ယှဉ်ပြိုင်နိုင်ခြင်း၊ ကိုယ်ပိုင်အမှတ်တံဆိပ်တစ်ခု တည်ဆောက်နိုင်ခြင်း၊ မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရာတွင် အထောက်အကူဖြစ်စေခြင်းနှင့် စံချိန်စံညွှန်းနှင့် ကိုက်ညီသော အရည်အသွေးမြင့်ဆန်များကို ပြည်တွင်းစားသုံးသူများအနေဖြင့်လည်း ဝယ်ယူစားသုံးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို နိုင်ငံတော်မှ ရရှိမည်ဖြစ်ပါသည်။**

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း အရည်အသွေးကောင်းသော ဆန်စပါးကုန်ကြမ်းများ ရရှိနိုင်ခြင်း၊ ကုန်ကြမ်းစုဆောင်းရာတွင် ပိုမိုလွယ်ကူပြီး သယ်ယူပို့ဆောင်ရေးစရိတ် သက်သာနိုင်ခြင်းနှင့် ကုန်ကြမ်းပြတ်လပ်မှုပြဿနာနည်းပါးခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်။ ဇုန်အတွင်းတွင် စိုက်ပျိုးရေးဆိုင်ရာ ညွှန်ကြားချက်များ ချမှတ်နိုင်သည့်အတွက် မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ထိရောက်စွာ အသုံးချခြင်းနှင့် ဓာတုဆေးဝါးထိန်းချုပ် အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဆန်စပါးတင်ပို့မှု အထူးဇုန်လုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်

ဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် ဩဂုတ်လ ၁၈ ရက်နေ့တွင် ရုံးအမှတ် (၁၅) အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဆန်စပါးတင်ပို့မှု အထူးဇုန်လုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

စပါးတင်ပို့မှုဇုန်များ စိုက်ပျိုးခြင်းကို ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီမှစ၍ နွေစပါးနှင့် မိုးစပါး စုစုပေါင်း ဧက ခြောက်သိန်းကျော်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ဇုန်များ သတ်မှတ်ဆောင်ရွက်ရာတွင် မျိုးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ အဆိုပါမျိုးစေ့ထုတ်လုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေအဖြစ် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်းဖြင့် ဧက ၅၀၀၀ အတွက် ကျပ် ၁ ဒသမ ၂၅ ဘီလီယံကို အတိုးမဲ့ ထုတ်ချေးသွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❖

၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ

ရွှေပြည်သစ်ဆီလှမ်းကြမည်။

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

★ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

★ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur အား လက်ခံတွေ့ဆုံ

နေပြည်တော်   နိုဝင်ဘာ   ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Abhay Thakur အား ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ကိစ္စရပ်များ၊ အထူးသဖြင့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လျှင်ဘေးအလွန်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၌ အကောက်ခွန်လုပ်ငန်းဆောင်ရွက်နေမှု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၌ အကောက်ခွန်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များ မှာကြား

ဦးစွာ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port Terminal-MIP)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ မူးယစ်ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ အကောက်ခွန်ဦးစီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် အကောက်ခွန် ကုန်ပစ္စည်း စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)၊ Yangon International Gateway Terminal (YIGT)၊ အလုံအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(Ahlon International Port Terminal) နှင့် အကောက်ခွန်ကုန်လှောင်ရုံ (Bonded Warehouse)၊ ဆူးလေ အမှတ်(၅) ဆိပ်ကမ်း (Sule Wharf – 5)တို့၌ ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ X-Ray စက်ဖြင့် အကောက်ခွန်ကုန်ပစ္စည်း စစ်ဆေးခြင်း ဆောင်ရွက်နေမှုများနှင့် ပူးပေါင်းအဖွဲ့ဖြင့် ကုန်ပစ္စည်း စစ်ဆေး ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (Yangon International Airport)၊ လေဆိပ်ကုန်လှောင်ရုံ (Air Cargo Terminal)၊ လေဆိပ်သွင်းကုန်၊ Yangon Aerodrome Co.,Ltd (YACL)နှင့် လေဆိပ် (OSS) Sky Cargo Terminal တို့၌ အကောက်ခွန်ကုန်ပစ္စည်းစစ်ဆေးခြင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၆ မှ

ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနေဖြင့် ဆန်စပါးတင်ပို့မှု အထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စည်းမျဉ်းများ၊ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီမှ စတင်ဆောင်ရွက်နိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများအား အားပေးကူညီဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ခေတ်မီစိုက်ပျိုးရေးနည်းပညာများနှင့် ဈေးကွက်သတင်းအချက်အလက်များ မျှဝေမှုများကို ပုံမှန်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဇုန်တစ်ခုချင်းစီအား အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်ထားပြီး ဇုန်တစ်ခုချင်းစီ၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်လေ့လာခြင်းနှင့် တိုးတက်မှုသုံးသပ်ရေးစနစ် (Monitoring and Evaluation) ကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဆည်မြောင်းတာတမံ၊ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံများ ကောင်းမွန်ရန် တည်ဆောက်ပြင်ဆင်ထိန်းသိမ်းပေးခြင်း၊ လယ်သမားများအတွက် ငွေကြေးဆိုင်ရာ ပံ့ပိုးမှု (ချေးငွေနှင့် သီးနှံအာမခံလုပ်ငန်း)၊ ထိရောက်သောဈေးကွက်ရရှိရေးအတွက် တင်ပို့မည့် နိုင်ငံများနှင့် သဘောတူညီချက်ရရှိရေး စသည်တို့ ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့ အောင်မြင်သောဇုန်များကို ဆက်လက်တိုးချဲ့ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထိုသို့ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပါက ပြည်ပပို့ကုန်စပါးအထူးဇုန်စနစ်သည် ကမ္ဘာ့အဆင့်မီ မြန်မာ့ဆန်လုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ သို့ဖြစ်ရာ အစိုးရ-လယ်သမား-ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များပူးပေါင်း၍ စပါးတင်ပို့မှု အထူးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❛စပါးတင်ပို့မှုဇုန်များ စိုက်ပျိုးခြင်းကို ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီမှစ၍ နွေစပါးနှင့် မိုးစပါး စုစုပေါင်း ဧကခြောက်သိန်းကျော်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ဇုန်များ သတ်မှတ်ဆောင်ရွက်ရာတွင် မျိုးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဟန်ချက်ညီညီ စိုက်ပျိုးသွားမည်ဖြစ်ပါသည်။ အဆိုပါမျိုးစေ့ထုတ်လုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေအဖြစ် တစ်ကေလျှင် ငွေကျပ် နှစ်သိန်းခွဲနှုန်းဖြင့် ဧက ၅၀၀၀ အတွက် ကျပ် ၁ ဒသမ ၂၅ ဘီလီယံကို အတိုးမဲ့ ထုတ်ချေးသွားမည်❜

လူငယ်နှင့် ကိုယ်ရည်ကိုယ်သွေး စကားဝိုင်းကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် "လူငယ်နှင့် ကိုယ်ရည်ကိုယ်သွေးစကားဝိုင်း"ကို ယနေ့နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများအနေဖြင့် စာဖတ်ခြင်းအလေ့အထ ပျိုးထောင်ရန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရန်၊ သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာရန် တိုက်တွန်းလိုကြောင်း အမှာစကားပြောကြား၍ အလှူငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်ပွဲအခမ်းအနား၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ဝင်ခွင့်ရကျောင်းသား ကျောင်းသူ ၁၄ ဦးအတွက် ချီးမြှင့်ငွေများကို ပေးအပ်၍ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒက္ခိဏ)

လပွတ္တာမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

လပွတ္တာ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက အမှာစကားပြောကြားခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး လူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ "လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် စာရိတ္တ" စသည့်ခေါင်းစဉ်တို့ဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရေးမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြိုအထိမ်းအမှတ်ပြိုင်ပွဲကျင်းပ

ရေး နိုဝင်ဘာ ၁၁

နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုအထိမ်းအမှတ် (မြို့နယ်အဆင့်) စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပမှုကို ရေးမြို့နယ် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ခင်စန်း နှင့် မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦးတို့က အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀၊ မူလတန်းအဆင့်စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယခုကဲ့သို့ ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝစဉ်နိုးကြားတက်ကြွစေပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနား၌ ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ သုတေသနစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား သုတေသနအရည်အသွေးများတိုးတက်လာစေရန် သုတေသနစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာသုနန္ဒာက အမှာစကားပြောကြားပြီး စကားဝိုင်းဆွေးနွေးပွဲကို ဒုတိယပါမောက္ခချုပ် ဒေါက်တာထိပ်တင်ဟန်က ဦးဆောင်ဆွေးနွေးသူအဖြစ် စတင်ဆွေးနွေးသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲတွင် ကုန်ထုတ်ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသင်းသင်းခိုင်၊ ဘူမိဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာတို့တို့ဝင်းကြည်၊ ရူပဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာမြတ်ရွှေဝါ၊ ပထဝီဝင်ဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာရီရီသန်း၊ အင်္ဂလိပ်စာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဝင်းမဥ္ဇူနှင့် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာသီတာမြင့်တို့က သုတေသနဒီဇိုင်း၊ သုတေသနလုပ်ငန်းအဆင့်ဆင့်၊ သုတေသနအမျိုးအစားများ၊ သုတေသနအစိတ်အပိုင်းတစ်ခုစီ၏ ဝိသေသလက္ခဏာများ၊ သုတေသနတွေ့ရှိချက်ကို ဖတ်ကြားတင်သွင်းခြင်းနှင့် Literature Review၊ AI နည်းပညာအကြောင်း စသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းကို ဆွေးနွေးခဲ့ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ပြန်လည်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

တောင်ငူမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို ပန်းချီ၊ စာစီစာကုံး၊ ကဗျာရွတ်ပုံပြော၊ ကျပန်းစကားပြောနှင့် စာဖတ်စွမ်းရည် ပြိုင်ပွဲတို့ကို ယမန်နေ့နံနက်ပိုင်းက တောင်ငူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် တောင်ငူခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ပြိုင်ပွဲတွင် ဆုရရှိသူများအား စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်၌ ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြံခင်းမြို့နယ်အတွင်းရှိ တောင်သူများအား လက်ဆွဲမျိုးစေ့ချကိရိယာများနှင့် ဆီထွက်သီးနှံမျိုးစေ့များ ပေးအပ်

ကြံခင်း နိုဝင်ဘာ ၁၁

နိုင်ငံ့စီးပွား ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လက်ဆွဲမျိုးစေ့ချကိရိယာများနှင့် ဆီထွက်သီးနှံ (ဆောင်းနေကြာ) မျိုးစေ့များ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကြံခင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောဦးခန်းမ၌ ကျင်းပသည်။

ပြောကြား

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နိုင်ငံတော် အကြီးအကဲက နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လက်ဆွဲမျိုးစေ့ချကိရိယာများကို တောင်သူများ စပါးအထွက်တိုးစေရေးအပြင်၊ ကြံခင်းစနစ်ပပျောက်ရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကြံခင်းစနစ်များသည် မျိုးစပါးလေလွင့်ဆုံးရှုံးမှုများစွာ ရှိသောကြောင့် လက်ဆွဲမျိုးစေ့ချ ကိရိယာဖြင့် စနစ်တကျ စိုက်ပျိုးနိုင်ရေး တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် မြေပဲတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် ပဲပုပ်၊ နေကြာများကိုလည်း ထည့်သွင်း စိုက်ပျိုးသင့်ကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံရေးကို ရရှိလာမည့်အပြင် တောင်သူများ ဝင်ငွေတိုးလာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ဆွဲမျိုးစေ့ချ ကိရိယာများနှင့် ဆီထွက်သီးနှံ (ဆောင်းနေကြာ)မျိုးစေ့များကို တောင်သူများထံ ပေးအပ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် အထက(၁) ကျောင်းရှိ အောင်ကျော်ခန်းမ၌ ရပ်ဝေးဒေသများမှလာရောက်၍ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများကိုအခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ ဆက်လက်တက်ရောက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူး ဦးခင်မောင်ထွေးနှင့် ခရိုင်ပညာရေးမှူးတို့က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်မှုနှင့် ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် အောင်ချက် မြင့်မားရေးအတွက် ဆွေးနွေးပြောကြားပြီးအထက်တန်းပြ ဆရာ ဆရာမများက သင်ကြားပေးနေမှုများနှင့် အောင်ချက်မြင့်မားရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ် ဆောင်ရွက်ပေးကာ ရပ်ဝေးဒေသများမှ လာရောက်၍ တာဝန်ထမ်းဆောင်လျက် ရှိသည့် ဆရာ ဆရာမများကို အခြေခံစားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ရာ ဆရာ ဆရာမများ ကိုယ်စား ဆရာမတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

ကျောက်တန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူများသို့ မျိုးစေ့ချကိရိယာများ၊ နေကြာမျိုးစေ့များ ဖြန့်ဖြူးပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၁

၂၀၂၅–၂၀၂၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူများသို့ မျိုးစေ့ချကိရိယာများ၊ နေကြာမျိုးစေ့များ ဖြန့်ဖြူးပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု တောင်သူ ဦးမျိုးကျော်သူ၏ လယ်မြေ၌ ဆောင်ရွက်သည်။

ပေးအပ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သန်လျင်ခရိုင်အတွင်းရှိ တောင်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မျိုးစေ့ချကိရိယာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းအားဖြင့် တောင်သူကြီးများအတွက် ပျိုးနုတ်စိုက်ပျိုးခြင်း လုပ်အားခကုန်ကျစရိတ်ကို သက်သာစေခြင်း၊ အချိန်ကုန်သက်သာစေခြင်းနှင့် သီးနှံများ ညီညာစွာ ပေါက်ရောက်စေခြင်းတို့ကြောင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက သန်လျင်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က မိုးစပါးစိုက်ပျိုးမှု အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်မောင်ကြည်က တိုင်းဒေသကြီးအတွင်း မျိုးစေ့ချကိရိယာများ ဖြန့်ဝေအသုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများက သန်လျင်ခရိုင်အတွင်းရှိ တောင်သူများနှင့် တာဝန်ရှိသူများအား မျိုးစေ့ချကိရိယာများနှင့် နေကြာမျိုးစေ့များကို ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က မိုးစပါးစံကွက်အား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် ပြသထားသည့် မျိုးစေ့ချကိရိယာများ၊ နေကြာမျိုးစေ့ချ ကိရိယာများ၊ စပါးမျိုးစေ့နမူနာများ၊ ဓာတ်မြေသြဇာများနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် တောင်သူဦးမျိုးကျော်သူ၏ လယ်မြေကို စိစစ်ရိတ်သိမ်းရာ တစ်ဧကလျှင် စပါးတင်း အခြောက်ထွက်နှုန်း ၁၁၀ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)

ဖျာပုံမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီကာလ ရေချိုဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းသွားနိုင်ရေး၊ မိုးရာသီကာလ ဒီရေတက်သည့်အချိန် ရေငန်ဝင်ရောက်မှုမှကာကွယ်နိုင်ရေးစီမံဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်တာဝန်ရှိသူများကို တွေ့ဆုံ၍ ဖျာပုံမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာသီကာလတွင် ရေချိုဆုံးရှုံးမှုမရှိစေရေးနှင့် မိုးရာသီကာလ ဒီရေတက်ချိန်တွင် ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရေးဆိုင်ရာ လုပ်ငန်းရပ်များကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် တာဝန်ရှိသူများက ဖျာပုံမြို့နယ်ရှိ ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ဆားငန်ရေဝင်ရောက်သည့်ဧရိယာများ ရေချိုရရှိနိုင်မှု အခြေအနေ၊ နှစ်စဉ်ဧက ၆၀၀၀ ခန့် အများဆုံး စိုက်ပျိုးနိုင်ရာမှ ယခုလာမည့်နှစ်အတွင်း ဧက ၁၉၀၀၀ ခန့်အထိ တိုးတက်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ဧက ၄၀ ဖော်ထုတ်ပြီးစီးခဲ့မှုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း နွေသီးထပ်တိုးတက်စိုက်ပျိုးနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ကျွန်းပတ်တာ လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ဒီဇိုင်းပုံစံများ အတိုင်း စနစ်တကျ ဆောင်ရွက်ရန်၊ နွေသီးထပ်ကို ရာသီအမီလျာထားကေပြည့် စိုက်ပျိုးပြီးစီးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ် သပြေကန်–သိမ်ကုန်းဧရိယာ အေးသာယာကျေးရွာအုပ်စုအတွင်း တူးဖော်ဆောင်ရွက်မည့် အေးသာယာ(၂) မြောင်းနေရာကို ကြည့်ရှုစစ်ဆေးပြီး ရေချိုဝင်ရောက်သည့် ရေအမြင့်(RL)၊ တူးဖော်ရန်လိုအပ်သည့် မြောင်းကြမ်းပြင် အနက်(RL) တို့ကို ချိတ်ဆက်မိစေရန်၊ သတ်မှတ်ရေစီးနှုန်းပမာဏရရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ရေချို ပိုမိုရရှိလာနိုင်မှုအရ သီးနှံစိုက်ဧရိယာတိုးတက်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်ကြက်ဖမွေးဇောင်းကျွန်းပတ်တာသို့ ရေချိုပေးဝေလျက်ရှိသည့် နောင်တော်ကြီး–သိန္နီမြောင်းပေါ်တွင် တည်ဆောက်ထားသော သက်ရေတံခါးပြုပြင်ဆောင်ရွက်နေမှု ၆ ပေ x ၆ ပေ ရေတံခါးခြောက်ချပ် ပြန်လည်ပြုပြင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဖျာပုံမြို့နယ် နောင်တော်ကြီးကျေးရွာအနီး နောင်တော်ကြီးဆိုလာရေတင်စီမံကိန်း ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ယခုစီမံကိန်း အောင်မြင်မှုအပေါ်အခြေခံပြီး ဆိုလာစနစ်ဖြင့်ရေတင်ခြင်း လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ အထွက်နှုန်းတိုးတက်ရရှိရေးနှင့် မျိုးစပါးဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး အတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မအူပင်မြို့နယ် မင်းဘောကျေးရွာအနီး မင်းဘော ဆိုလာရေတင် ဆောင်ရွက်ထားရှိမှုနှင့် ထပ်မံတိုးချဲ့ ဆောင်ရွက်ရန်လျာထားနေရာကို လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ဖွင့်လှစ်နိုင်ရေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှု အခြေအနေများ၊ တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စက္ကူအလင်း ကျန်းမာရေးအလှူတော်နှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ လှူဒါန်း

မော်လမြိုင် နိုဝင်ဘာ ၁၁

သဲဖြူမဟာမြိုင်တောရ မမ္မရိုသာကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တ ပညာဇောတမထေရ်မြတ်အား အမှူးထား၍ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မွန်ပြည်နယ်အစိုးရအဖွဲ့၏ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြည်နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာခံစားနေရသူများအား စက္ကူဒါနအဖြစ် မွန်ပြည်နယ် မော်လမြိုင်မြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆေးရုံအစည်းအဝေးခန်းမ၌ သဲဖြူဆရာတော်ဒေါက်တာဘဒ္ဒန္တပညာဇောတ မထေရ်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး စက္ကူဒါနအဖြစ် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူရန် လာရောက်ကြသည့် ဒေသခံပြည်သူများအား ထောက်ပံ့ငွေ၊ မုန့်နှင့်ရေသန့်များ၊ နေ့လယ်စာထမင်းဘူးများကို ဒါနပြုကျွေးမွေးကြသည်။

ထို့နောက် မျက်စိအထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ သူနာပြုများ၊ မော်လမြိုင်ပြည်သူ့ဆေးရုံအုပ်ကြီး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များက မျက်စိစမ်းသပ်ကုသရန် လာရောက်ကြသူများအား စာရင်းသွင်းလက်ခံခြင်း၊ စမ်းသပ်ပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လူနာများအား ဆေးဝါးနှင့် မျက်မှန်များ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သဲဖြူမဟာမြိုင်တောရမမ္မရိုသာ ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ကြီး ဦးစီး၍ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော စက္ကူအလင်း ကျန်းမာရေး အလှူတော်နှင့် ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲ၊ ရေစက်ချပွဲအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက သဲဖြူမဟာမြိုင်တောရမမ္မရိုသာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီး ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်ကြီးအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ကျောင်းသား ကျောင်းသူ ၁၅၀၀ အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

သီပေါမြို့နယ်၌ စာပေဟောပြောပွဲနှင့် စာရေးကိရိယာများလှူဒါန်းပွဲ ကျင်းပ

သီပေါ နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြည်လာခန်းမတွင် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက စာပေဟောပြောပွဲနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

လက်ခံရယူ

ဦးစွာ ပြင်ဦးလွင် ကိုယ်ပိုင်ကျောင်းများအသင်း ကိုယ်စားပြုအဖွဲ့နှင့် ပြင်ဦးလွင် ရွှေစာပိုး ကိုယ်ပိုင် အထက်တန်းကျောင်းတို့က စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇိုက လက်ခံရယူသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ဟောပြောပြီး ပြင်ဦးလွင် ကိုယ်ပိုင် အထက်တန်းကျောင်းများ ကိုယ်စားပြု ဦးအောင်နိုင်က အမှတ်တရစကားနှင့် အမှတ် (၁) အခြေခံပညာ အထက်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့လှူဒါန်းရာတွင် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ ခဲတံချောင်း ၁၀၀၀ ၊ ပေတံ ချောင်း ၁၀၀၀၊ ခဲဖျက် ခု ၁၀၀၀၊ ဘောပင်ချောင်း ၁၀၀၀ နှင့် မြေဖြူဘူးများ လှူဒါန်းခဲ့ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူ ၂၅၀ ခန့်အား ဗလာစာအုပ်၊ ဘောပင်၊ အချိုရည်နှင့် မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လှိုင်မြို့နယ်၌ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

လှိုင် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် အမှတ်(၂)အခြေခံပညာမူလတန်း ကျောင်းနှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းတို့တွင် ယနေ့နံနက်ပိုင်းက သွားနှင့်ခံတွင်းကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကွန်းစတန့်က "နည်းစနစ်မှန် သွားတိုက်ခြင်း" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း ပြည်သူ့ဆေးရုံကြီး သာကေတမြို့နယ်သွားနှင့်ခံတွင်းအထူးကုဆေးရုံမှ သွားနှင့်ခံတွင်း လက်ထောက်ဆရာဝန်များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက အမက(၂)နှင့် အမက (၇)တို့မှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ(After Lunch Tooth Brushing Activity) အားဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ဇော်ဇော်နိုင်(ပြန်/ဆက်)

မင်းလှမြို့နယ်၌ ကျောင်းကျန်းမာရေးနှင့် အာဟာရကျွေးမွေးခြင်းလုပ်ငန်းဆောင်ရွက်

မင်းလှ နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာလှဝင်း၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် စတုတ္ထအကြိမ်အဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၃၄ ကျောင်းမှ KGကျောင်းသား ကျောင်းသူ ၁၅၃၇ ဦးအား အာဟာရကျွေးမွေးခြင်းနှင့်အတူ အဏုအာဟာရဖြည့်စွက်ကျွေးမွေးပြီး၊ အစာမစားမီနှင့် စားပြီးလက်ဆေးနည်းသင်ပြပေးခြင်း၊ စနစ်မှန်သွားတိုက်နည်း သင်ပြပေးခြင်းတို့ကို ကျန်းမာရေးဝန်ထမ်းများက ပညာရေးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)ဝင်ရောက်ယှဉ်ပြိုင်ရန် တာချီလိတ်မြို့နယ်မှ ထူးချွန်ကျောင်းသား ကျောင်းသူ ငါးဦး ရွေးချယ်ခံရ

တာချီလိတ် နိုဝင်ဘာ ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲတွင် ပြည်နယ်အဆင့်မှ ဗဟိုအဆင့်သို့ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ရန် တာချီလိတ်မြို့နယ်မှ ထူးချွန်ကျောင်းသား ကျောင်းသူ ငါးဦး ရွေးချယ်ခံရသည်။

တာချီလိတ်မြို့နယ်အတွင်း Grade- 5၊ Grade- 6၊ Grade-7၊ Grade-8၊ Grade-9 အတန်းလိုက် ရွေးချယ်မှုများကို အောက်တိုဘာလအတွင်း ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အဆင့် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် တွဲဖက် အထက (ပုန်းထွန်)မှ Grade -5ကျောင်းသား မောင်ဆန်းဒေါင်းရှာလောမ်ဒီး၊ အထက (တာချီလိတ်) မှ Grade -6 ကျောင်းသူ မထက်မော်ကွန်းခင်၊ ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade -8 ကျောင်းသူ မအိအိဖြိုးနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင်အထက (ဟောင်လိတ်)မှ Grade -8 ကျောင်းသားမောင်ကောင်းဆက်သာ၊ အထက (တာချီလိတ်)မှ Grade -9 ကျောင်းသူ မဆောင်းကူးမေတို့သည် ပြည်နယ်အဆင့်မှ ဗဟိုအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အဆိုပါ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ နှစ်ဦး၊ တာချီလိတ်မြို့နယ်မှ ငါးဦး၊ မိုင်းဖြတ်မြို့နယ်မှ တစ်ဦး၊ မိုင်းဆတ်မြို့နယ်မှ တစ်ဦး၊ မိုင်းခတ်မြို့မှ တစ်ဦး စုစုပေါင်း ၁၀ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျာလင်း (ပြန်/ဆက်)

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ဆုချီးမြှင့်

ဘားအံ နိုဝင်ဘာ ၁၁

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် ဒုံးအဖွဲ့ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းက ဘားအံမြို့ သီရိကွင်း ဒုံးစင်မြင့်၌ ကျင်းပသည်။

ဦးစွာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအဖွဲ့များက ဒုံးအကများဖြင့် ဖျော်ဖြေကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ဒိုင်အဖွဲ့ဂုဏ်ပြုဆုနှင့် ဆုရရှိသည့်ဒုံးအဖွဲ့များအား ဂုဏ်ပြုဆုများ၊ ငွေသားနှင့် တံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ရာစုညာဆုတောင်းတေး ပထမဆုရရှိသော မြဝတီခရိုင်ယဉ်ကျေးမှုဒုံးအဖွဲ့၊ ဒုံးအကဘက်စုံပထမဆုနှင့် ဒုံးအကဘက်စုံတံခွန်စိုက်ဆုရရှိသော သင်းပျံ့ပွင့်လန်းနယ်စပ်ပန်း ရွှေကုက္ကိုလ်မြိုင်ယဉ်ကျေးမှုဒုံးအဖွဲ့တို့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ပြပွဲ၊ ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နိုင်ငံကျော်တေးသံရှင် ဟဲလေး၊ D ဖြိုး၊ ဝေးဝေးတို့နှင့်အတူ ဒေသခံကရင်တိုင်းရင်းသားတေးသံရှင်များပါဝင်သော စင်တင်တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် Precision Auto Engineering Co.,Ltd ၏ သုံးဘီးနည်းပညာဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်း သင်တန်းဆင်းပွဲကို ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီး လူငယ်စင်တာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူး ဦးဇွဲမင်းဦးနှင့်ဝန်ထမ်းများ နိုဝင်ဘာ ၉ ရက်တွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု မြယာရိုးကျေးရွာ ဓမ္မာရုံ၌ ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် အိမ်ထောင်စုစာရင်းမရှိသူများအား (M)သင်္ကေတဖြင့် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)

ဇီးကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေး

ဇီးကုန်း နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင်မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက အမှတ်(၄)ရပ်ကွက်မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး ဇီးကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဇံက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန်စိစစ်ခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့ သရုပ်ပြဆောင်ရွက်ခဲ့ပြီး ဇီးကုန်းမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၄ ခု၌ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်း ၃၉ ကြိမ်တွင် လူဦးရေ ၁၅၁၉၇ ဦးကို အသိပညာပေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

ကြံခင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးအောင်မြင်နေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ကြံခင်း နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆုံလဲအုပ်စုနှင့် သောကြာဒူးအုပ်စုတို့တွင် သမဝါယမအသင်းပိုင် ကိုင်းမြေများပေါ်၌ ဆောင်းသီးနှံ (မြေပဲ၊ ပဲပုပ်၊ ခရမ်းချဉ်) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ယမန့်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုရာတွင် ဧရာဝတီတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက ဆုံလဲအုပ်စု ဆိပ်သာကျေးရွာ ပေတောမြေနုကွင်း ၄၂ ဧကတွင် ကြည်သာဇော် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မြေပဲ(မကွေး-၁၁)၊ ပဲပုပ်နှင့် ခရမ်းချဉ် စိုက်ပျိုးထားရှိမှု၊ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် သောကြာဒူးအုပ်စု ကရင်စုကျေးရွာ ကွင်းအမှတ်(၉) ပန်းပျိုးမာလာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ စိုက်ပျိုးထားသည့် (ရေဆင်း-၁၁) မြေပဲ ငါးဧက အောင်မြင်ဖြစ်ထွန်းနေမှုနှင့် မြေပဲစိုက်ခင်းများ ရွက်ဖျန်းအားဆေး ပက်ဖျန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

မိုင်းရယ်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

မိုင်းရယ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးတစ်ဧကတင်း ၁၀၀ အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က တောင်သူဦးစိုင်းရွှေအောင်၏ လယ်မြေ၌ ပြုလုပ်သည်။

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်နိုင်နှင့် ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြပြီး ကောင်း၊ သင့်၊ ညံ့ စံကွက်သုံးကွက်ရိတ်သိမ်းခဲ့ရာ အောင်နိုင်တိုး စပါးမျိုး တစ်ဧကလျှင် အစိုထွက် ၁၂၄ ဒသမ ၆၁ တင်း၊ အခြောက်ထွက် ၁၁၃ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မူဆယ်မြို့၌ လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်

မူဆယ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ မြန်မာ-တရုတ် ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံရေးရုံး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးဟောပြောအသိပညာပေးခြင်း၊ မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာရန်အတွက် လမ်းဆောင်ရွက်ထားရှိမှု၊ မီးသတ်ရေငုတ်များနှင့် မီးသတ်ရေလှောင်ကန်များ၊ မီးဘေးလုံခြုံရေးပစ္စည်းများကို စစ်ဆေးပြီး လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းများကို ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်သည်။

အဆိုပါမီးငြိမ်းသတ်သရုပ်ပြခြင်းကို မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း မူဆယ်စီမံကိန်းရုံးမန်နေဂျာ Mr.Wang Shihua၊ မန်နေဂျာကိုယ်စားလှယ်အရာရှိ ဦးသန်းထွဋ်နှင့် ဝန်ထမ်း ၄၂ ဦးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မိုင်းရယ်မြို့နယ်၌ မဲစာရင်းပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးနေမှု ကြည့်ရှုစစ်ဆေး

မိုင်းရယ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် မဲစာရင်း ပြည့်စုံမှန်ကန်မှုရှိစေရေး မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ထိုသို့တိုက်ဆိုင်စစ်ဆေးရာတွင် ရပ်ကွက်နှင့် ကျေးရွာအသီးသီး၌ ထုတ်ပြန်ထားရှိသည့် မဲဆန္ဒရှင်စာရင်းများတွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေး၊ သေဆုံးစာရင်းများ ပါရှိပါက ပယ်ဖျက်နိုင်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှစ်ကတ်ကိုင်ဆောင်သူများ မပါရှိစေရေး၊ ထို့ပြင် မြေပြင်ရှိ၊ ခရီးလွန်၊ တိုက်ပွဲရှောင်၊ မသန်စွမ်း စသည့် စာရင်းများအား ပုံစံ(၃)၊ ပုံစံ ၃(က)၊ ပုံစံ(၄)၊ ပုံစံ၄(ဂ)၊ ပုံစံ(၁၅)တို့ဖြင့် လျှောက်ထားခြင်း၊ ကန့်ကွက်ခြင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တိုက်ဆိုင်စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြင်ဦးလွင်မြို့၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးစစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၁၁

ပြင်ဦးလွင်မြို့တွင် မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် မဲစာရင်းများမှန်ကန်စေရေး သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေးတို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများနှင့် နိုင်ငံရေးပါတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

သာစည်မြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေး

သာစည် နိုဝင်ဘာ ၁၁

သာစည်မြို့နယ်၌ ဒုတိယအကြိမ်ကြေညာမည့် မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စိစစ်စစ်ဆေးခြင်းများကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာစည်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်စိုးနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ကြည့်ရှုကြပြီး တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ်မဲစာရင်းများကို နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများနှင့် ကျေးရွာများ၌ ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

မရမ်းကုန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးခြင်းကို မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘာအေးဗီလာတွင် စိစစ်ရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းစိစစ်ရာတွင် စိစစ်ရေးအဖွဲ့များက ကမ္ဘာအေးဗီလာအတွင်း နေထိုင်သူအိမ်ထောင်စုများအား ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်လပ်စေရေးနှင့် စာရင်းပါရှိပြီးသူများအား ဆန္ဒမဲသွားရောက်ပေးရမည့် မဲရုံအမှတ်၊ အမှတ်စဉ်များ ပြောကြားခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း(ပြန်/ဆက်)

တောင်ငူခရိုင်အတွင်း ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ စစ်ဆေး

တောင်ငူ နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းမပြုမီ ပြည့်စုံမှန်ကန်စေရေး စိစစ်စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့်အဖွဲ့ဝင်များ ဦးဆောင်၍ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ရပ်ကွက်/ကျေးရွာစာရေးဝန်ထမ်းများဖြင့် ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းမပြုမီ ပြည့်စုံမှန်ကန်စေရေးအတွက် ရပ်ကွက်ကျေးရွာအုပ်စုများရှိ ယာယီနေရပ်စွန့်ခွာသူများ၊ မြေပြင်တွင် ပြန်လည်ရောက်ရှိသူများ၊ သေဆုံးသူများပါဝင်လာခြင်းရှိ/မရှိ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

တံတားဦးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများမှန်ကန်ရေး စိစစ်ဆောင်ရွက်

တံတားဦး နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ဒုတိယအကြိမ် မဲစာရင်းကပ်ရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး စိစစ်ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက တံတားဦးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးဆောင်ရွက်ရာတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက မဲစာရင်းများ မှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ပါရှိရေးတို့ကို အလေးထားဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

တံတားဦးမြို့နယ်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်သော ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ ၏ မဲစာရင်းများကို ယနေ့မှစတင်၍ တစ်ရက်လျှင် ၁၀ အုပ်စုကို မဲစာရင်းမှန်ကန်ရေး စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၁၅ ရက်မှစတင်ပြီး ကျေးရွာအုပ်စုများတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မဟာအောင်မြေမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ခြင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် ရတနာကောသဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးစိစစ်ခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်ခြင်း ပြုလုပ်သည့်နေရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်တို့က လာရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဇော်မင်း**

ကဝမြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာနိုင်ရေး ပြင်ဆင်ဆောင်ရွက်

ကဝ နိုဝင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ မဲစာရင်းများ ဒုတိယအကြိမ် ကြေညာခြင်းမပြုမီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကဝမြို့နယ်အတွင်း မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ဒုတိယအကြိမ် ကြေညာခြင်းမပြုမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာမြို့နယ်ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်တို့ဖြင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

ကမ္ဘောဒီးယားနိုင်ငံက စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၁၁ ဒသမ ၉ သန်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့

ဖနောင်ပင် နိုဝင်ဘာ ၁၁

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ၁၀ လအတွင်း စိုက်ပျိုးရေးထုတ်ကုန် တန်ချိန် ၁၁ ဒသမ ၈၉ သန်းကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက နိုဝင်ဘာ ၁၁ ရက်တွင် ထုတ်ပြန်သည့် မှတ်တမ်းအရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း နိုင်ငံနှင့် ဒေသ ၉၀ သို့ ထုတ်ကုန်များတင်ပို့ရောင်းချခြင်းမှ ကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံ ရရှိခဲ့သည်။

ပြည်ပတင်ပို့သည့် ထုတ်ကုန်များမှာ ဆန်စပါး၊ ရော်ဘာ၊ ပီလောပီနံ၊ သရက်၊ ငှက်ပျော၊ ငရုတ်ကောင်း၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ဒူးရင်းသီး၊ ပြောင်းသီးနှံများဖြစ်ကြောင်းမှတ်တမ်းအရ သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့ရာ ဈေးကွက်ဖြစ်ကာ ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် တရုတ်- ကမ္ဘောဒီးယား လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကလည်း ကမ္ဘောဒီးယား၏ ထုတ်ကုန်များကို တရုတ်နိုင်ငံသို့တင်ပို့ရေးအတွက် အခွင့်အရေးများရရှိစေခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် အထည်ချုပ်၊ ဖိနပ်၊ ခရီးသွားထုတ်ကုန်၊ ခရီးသွားလုပ်ငန်း၊ ဆောက်လုပ်ရေး၊ အိမ်ခြံမြေလုပ်ငန်းများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးသည့်လုပ်ငန်းဖြစ်ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

ဗီယက်နမ်နိုင်ငံမှ ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦး အင်္ဂလိပ်ဘာသာစကား ထူးချွန်သူဖြစ်လာ

ဟနွိုင်း နိုဝင်ဘာ ၁၁

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှ အသက် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦးသည် နိုင်ငံတကာ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ IELTS တွင် အဆင့်သတ်မှတ်ချက် ၈ ဒသမ ၅ ရရှိကာ အင်္ဂလိပ်ဘာသာထူးချွန်သူတစ်ဦး ဖြစ်လာခဲ့သည်။

ငါ်ဗီခရိုင် ဖူဗန်ဗာမူလတန်းကျောင်းမှ ကျောင်းသူ ငုယင်ဗိုအမ်သည် ၎င်းအရည်အချင်းစစ်စာမေးပွဲတွင် အင်္ဂလိပ်ဘာသာစကားပြောဆိုမှုအကဲဖြတ်မှုတွင် အဆင့်သတ်မှတ်ချက် ၈ ဒသမ ၅ ရရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် နိုင်ငံတကာအင်္ဂလိပ်ဘာသာကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲကို အသက် ၁၆ နှစ်မှ ၂၂ နှစ်အရွယ်ရှိသူများသာ အများဆုံးဝင်ရောက်ဖြေဆိုလေ့ရှိပြီး ၎င်းတို့အနက်မှ တစ်ရာခိုင်နှုန်းသာ အဆင့်သတ်မှတ်ချက် ၈ ဒသမ ၅ ရရှိခဲ့သည်။

အဆင့်သတ်မှတ်ချက် ၈ နှင့် အထက်ရရှိသူများသည် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်သူများဖြစ်ပြီး ဆွေးနွေးမှုများနှင့် စဉ်းစားတွေးခေါ်မှုများကို အင်္ဂလိပ်ဘာသာဖြင့် ဆောင်ရွက်နိုင်သူများဖြစ်ကြောင်း သတ်မှတ်ထားသည်။ ၎င်းသည် အသက်သုံးနှစ်မှစတင်၍ ဟယ်ရီပေါ်တာနှင့် အခြားအင်္ဂလိပ်ဘာသာစာအုပ်များကို ဖတ်ရှုခဲ့သည်။

၎င်းအား အင်္ဂလိပ်စာသင်ကြားရေးအတွက် စင်တာသို့ စေလွှတ်ခြင်းနှင့် ဆရာငှားရမ်းသင်ကြားခြင်းတို့ကို မဆောင်ရွက်ခဲ့ဘဲ ကိုယ်တိုင်ကြိုးစားဆောင်ရွက်ခဲ့သူဖြစ်ကြောင်း သိရသည်။

ကိုးကား - VN Express
ဘာသာပြန် - စိုးသူရ

ဘရာဇီး၌ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးညီလာခံ ကျင်းပ

ဗီလန် နိုဝင်ဘာ ၁၁

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးညီလာခံ(COP 30)အား ဘရာဇီးနိုင်ငံ ဗီလန်မြို့တွင် နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

၎င်းညီလာခံတွင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ကမ္ဘာ့နိုင်ငံများကြား လက်တွဲဆောင်ရွက်ရေး သန္နိဋ္ဌာန်ကို အတည်ပြုခဲ့သည်။

ယမန်နှစ်အတွင်းက အဇာဘိုင်ဂျန်နိုင်ငံ ဗာကူမြို့တွင် ကျင်းပသည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးညီလာခံ(COP29)က ချမှတ်ခဲ့သည့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် (COP 29) သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည့် မွတ်တာဗာဗာရက်က ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းပြောကြားသည်။ ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် သိပ္ပံ၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများမှတစ်ဆင့် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း ယခုနှစ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးညီလာခံ သဘာပတိ အန်ဒရီ ကိုရီယာဒိုလာဂိုက ပြောသည်။

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရာတွင် ဘုံအကျိုးစီးပွားကိုရှေးရှုသည့် နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပါရီသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကမ္ဘာကြီးသည် ၂၁ ရာစုအကုန်တွင် ပိုမိုပူနွေးလာမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးဗားကပြောသည်။ ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ သဘောတူညီချက်အရ ကမ္ဘာကြီးအပူချိန်ကို ၁ ဒသမ ၅ ဒီဂရီ ဆဲလ်ဆီးယက်စ်အောက်တွင်သာထားရှိရေး သဘောတူခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၁၁-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၆၁၀	၂၇၂၀	၂၆၉၀	၂၆၂၀	၂၇၃၀	၂၇၄၅	၂၇၆၀	၂၆၈၀	၄၅၀၅	၂၉၇၀	၂၆၉၅	၂၉၂၅	၂၇၆၅	၂၇၃၀	၂၇၅၅	၃၀၁၀
95 Ron	၂၆၈၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈၂၀	၂၈၄၀	၂၇၅၅	၄၅၆၀	၃၀၅၀	၂၇၇၅	၃၀၁၀	၂၈၄၅	၂၈၁၀	၂၈၃၅	၃၀၉၀
HSD (500 ppm)	၂၅၁၀	၂၆၂၀	၂၅၉၀	၂၅၂၅	၂၆၃၀	၂၆၄၅	၂၆၆၀	၂၅၈၀	-	၂၈၇၅	၂၅၉၅	၃၂၆၅	၂၆၇၀	၂၆၃၅	၂၆၅၅	၂၉၁၀
HSD (50 ppm)	၃၀၄၅	၃၁၆၀	၃၀၂၅	၃၀၆၀	၃၁၆၅	၃၁၈၀	၃၂၀၀	၃၁၁၅	၄၈၃၀	၃၄၁၀	၃၁၃၅	၃၃၁၅	၃၂၀၅	၃၁၇၀	၃၁၉၀	၃၄၅၀
HSD (10 ppm)	၃၀၄၅	၃၁၆၀	၃၀၂၅	၃၀၆၀	၃၁၆၅	၃၁၈၀	၃၂၀၀	၃၁၁၅	-	၃၄၁၀	၃၁၃၅	၃၃၁၅	၃၂၀၅	၃၁၇၀	၃၁၉၀	၃၄၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၅၀	၂၅၃၃
95 Ron	၂၅၂၆	၂၆၁၁
HSD (500 ppm)	၂၃၅၄	၂၄၃၁
HSD (50 ppm)	၂၈၇၅	၂၉၆၂
HSD (10 ppm)	၂၈၇၅	၂၉၆၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

လွိုင်လင်မြို့နယ် မဲစာရင်းမှန်ကန်မှုရှိရေး တိုက်ဆိုင်စစ်ဆေး

လွိုင်လင် နိုဝင်ဘာ ၁၁

လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ ဒုတိယအကြိမ် မဲစာရင်းမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို နိုဝင်ဘာ ၁၀ ရက်မှစ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ မဲစာရင်းများမှန်ကန်မှုရှိစေရေး တိုက်ဆိုင်စစ်ဆေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်များ၊ မြို့နယ်အတွင်းရှိနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၃၃ ဦးအား

သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် နိုဝင်ဘာ ၁၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၂၇ ဦး၊ ပါကစ္စတန်နိုင်ငံသား ငါးဦးနှင့် ကာဇက်စတန်နိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၃၃ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၅၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Damir Akhmetov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်း ပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များနှင့်ရေယာဉ် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ဟားခါးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ပြည်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၀၉၃ တန်၊ အခြားသစ် ၈ ဒသမ ၉၇၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၉၆၇၄၂၄ ကျပ် ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံတံတား စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) ကို လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၇၁၈၉၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar Light Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၃၇၁၈၉၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့်ကိုက်ညီ မှန်ကန်မှုရှိသည့်လုပ်ငန်းသုံးပစ္စည်းခြောက်မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုးအား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID) တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၇၃ မျိုး၊ စားသောက်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၅၈၇၈၅၂၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Sea Lion 5 ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၅၈၇၈၅၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာအမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၉၁၆၂၇၈၆၄ ကျပ်) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

အလုပ်ခွင်ထိခိုက် သေဆုံးခြင်းအတွက် ကျန်ရစ်သူ ငွေကြေးအကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၁၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူ ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြန်မာ့မဏ္ဍိုင်(ပလတ်စတစ်လောင်းလုပ်ငန်း)မှ အာမခံအလုပ်သမား ဦးဇော်လင်းအောင်၏ အလုပ်ခွင်ထိခိုက်မှုကြောင့် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၄၃၂၀၀၀၀ ကို သေဆုံးသူ၏ဖခင်ဖြစ်သူ ဦးချစ်စံအောင်ထံသို့ လက်ဝယ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးအောင်(ပြန်/ဆက်)**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသက်နိုင်က တူညီဝတ်စုံများပေးအပ်စဉ်။

မောက်မယ်(ပြန်/ဆက်)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း) တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူ

ထားဝယ် နိုဝင်ဘာ ၁၁

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်/စစ်ကိုင်း)တို့၌ (ပထမနှစ်)ဝိဇ္ဇာ၊ သိပ္ပံသင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူပွဲကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံတော်အကြီးအကဲများက မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသနှင့် ဝေးလံခေါင်ဖျားသော နေရာဒေသတွင်ရှိသည့် လူငယ်လူရွယ်များကို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ပညာရှင်များ ပေါ်ထွန်းလာစေရန်၊ ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံတက်ရောက်သော ကျောင်းတော်ကြီးဖြစ်သည့်အတွက် စုပေါင်းနေထိုင်သည့်အခါတွင်လည်း ညီအစ်ကိုမောင်နှမသဖွယ် ချစ်ခင်ရင်းနှီးစွာ ပေါင်းစပ်နေထိုင်ပြီး မိမိရည်မှန်းချက်ပန်းတိုင်ရောက်ရှိအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများကို ချီးမြှင့်ငွေများပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅)နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း၌ ကျင်းပရာ အမျိုးသား အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့ကို ဂုဏ်ပြုဆုငွေချီးမြှင့်ပြီး အမျိုးသား အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဆုရရှိသူများနှင့် မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း အမျိုးသား အမျိုးသမီးပြိုင်ပွဲတွင် ဆုရရှိသော အသင်းများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခု၊ ကြေးတစ်ခုဖြင့် ပထမဆုရရှိသော ကော့သောင်းမြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခုနစ်ခု၊ ငွေသုံးခုဖြင့် ပထမဆုရရှိသော သရက်ချောင်းမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သာကေတမြို့နယ်၌ စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးလျက်ရှိ

သာကေတ နိုဝင်ဘာ ၁၁

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ်တွင် စားအုန်းဆီများ ပြည်သူများ၏ လက်ဝယ်အရောက် လွယ်ကူသက်သာစွာ စားသုံးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် သက်ဆိုင်ရာ ဆီကိုယ်စားလှယ်များက ရောင်းချပေးလျက်ရှိသည်။

ရောင်းချပေးလျက်ရှိ

ယင်းသို့ စားအုန်းဆီရောင်းချပေးခြင်းကို Myanmar Top Notch Company Ltd၊ MYANMAR UNITED ASIA SERVICES Co.,Ltd၊ GD GOOD GOLDEN Co.,Ltd တို့က ရောင်းချပေးသည့် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဆီလက်ကားအရောင်းကိုယ်စားလှယ် ခုနစ်ဦးတို့က မြို့နယ်အတွင်း သတ်မှတ်ရပ်ကွက်များရှိ လက်လီကိုယ်စားလှယ်ဆိုင် ၁၄၃ ဆိုင်သို့ ပြန်လည်ဖြန့်ဝေခဲ့ပြီး ယင်းမှတစ်ဆင့် သက်ဆိုင်ရာ ရပ်ကွက်များအတွင်းသို့ အိမ်ထောင်စုလူဦးရေ စာရင်းရှိသူများ၊ ဧည့်စာရင်းဖြင့် နေထိုင်သူများကို စားအုန်းဆီထုတ်ယူခွင့်စာအုပ်ဖြင့် တစ်လလျှင် အိမ်ထောင်စု တစ်စုအတွက် သုံးပိဿာစီပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အိရွှေစင်လတ်(သာကေတ)

ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်အထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်း အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

စဉ်	မြစ်အမည်	ရေကြောင်းနယ်မြေ		ရေစူးကန့်သတ်ချက်	
		မှ	ထိ	ပေ	လက်မ
၁။	ဧရာဝတီမြစ်	ဟင်္သာတ	ပြည်	၅	၆
၂။		ပြည်	မန္တလေး	၅	၀
၃။		မန္တလေး	ကသာ	၄	၀
၄။		ကသာ	ဗန်းမော်	၃	၉
၅။		ဆင်ဘို	မြစ်ကြီးနား	၂	၆
၆။	ချင်းတွင်းမြစ်	ချင်းတွင်း၀	မုံရွာ	၃	၀
၇။		မုံရွာ	ကလေး၀	၃	၃
၈။		ကလေး၀	ဟုမ္မလင်း	၃	၀
၉။		ဟုမ္မလင်း	ခန္တီး	၂	၆

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူး ကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

မင်းတုန်းမြို့နယ်၌ ဒုတိယအကြိမ်ကြေညာမည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး စစ်ဆေး

မင်းတုန်း နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာရာတွင် ပြည့်စုံမှန်ကန်စေရေးအတွက် ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက ကြီးကြပ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးရာတွင် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅(က) အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပုံစံ(၁) ပူးတွဲ(၁)စာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပုံစံ(၁) ပူးတွဲ(၂) စာရင်းအားရယူပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာရာတွင် မဲဆန္ဒရှင်စာရင်းများ တိကျပြည့်စုံမှန်ကန်စေရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချင်းကလေး(NRDC)**

မင်္ဂလာတောင်ညွန့်မြို့နယ်၌ ရွေးကောက်ပွဲကျင်းပမည့် မဲရုံများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ်တွင် မကြာမီကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံအဖြစ် ရွေးချယ်ထားရာ နေရာများကို ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစန်းကို၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်း၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲဝင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရေတွင်းကုန်းရပ်ကွက်၊ ကူးတို့ဆိပ်ရပ်ကွက်၊ မလွှကုန်းရပ်ကွက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ တောင်လုံးပြန် ရပ်ကွက်တို့သို့ သွားရောက်၍ မဲရုံတည်နေရာများနှင့် မြေပြင်အခြေအနေများကို ကွင်းဆင်းစိစစ် ဆောင်ရွက်ပြီး လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပပြီး ဘာသာရပ်အလိုက် လက်တွေ့သင်ကြားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ ❖ စာပေမြင့်မှ လူမျိုးတင့်မည်

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးသန့်ဇော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ရှိသေလေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား။

"ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ"လို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ...

ကျွန်တော်ကတော့ အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ NIDP (ဗဟို)၏ ဥက္ကဋ္ဌ ဦးသန့်ဇော် ဖြစ်ပါတယ်။ (မွန်ပြည်နယ်)မှာ အခြေပြုစိုက်ထားတဲ့ ပါတီတစ်ခု ဖြစ်ပါတယ်။

မကြာခင်မှာ(တတိယအကြိမ်) လွှတ်တော်အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆုံးဖြတ်ချက်မှန်ကန်မှုဟာ ဘယ်လောက်အရေးပါလဲ... ရွေးကောက်ပွဲဟာ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အနာဂတ်ကို ဘယ်လောက်ထိ ထင်ဟပ်စေလဲ...ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရတော့မှာ ဖြစ်ပါတယ်....

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားအကျိုးစီးပွားပေါ်မှာသာ ရပ်တည်နေခဲ့ကြပါတယ်....

- ဒီကနေ့ ကျွန်တော်တို့ နိုင်ငံဟာ နိုင်ငံတကာရဲ့ဖိအားတွေကို ကြီးကြီးမားမား ခံနေရပါတယ်။
- နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးတွေကိုလည်း အဘက်ဘက်က စိုးရိမ်ပူပန်နေကြရတဲ့ အချိန်ကာလလည်း ဖြစ်နေပါတယ်။
- ငွေကြေးဖောင်းပွမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်တွေကိုလည်း ပြည်သူတွေ ခံစားနေကြရပါတယ်။
- ပြည်ပနိုင်ငံများရဲ့ စွက်ဖက်မှုကြောင့် တိုင်းပြည်ရဲ့.. အချုပ်အခြာအာဏာကို ထိပါးတဲ့ဖြစ်ရပ်တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ပြည်ပက သွေးထိုးနှောင့်ယှက်မှုများကြောင့် နိုင်ငံတော်ရဲ့တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးနဲ့ အမျိုးသားရေးအင်အားစုများ ပေါင်းစည်းပါဝင်မှုသာ တည်တံ့ခိုင်မာမှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်..

ဒါ့ကြောင့် ကျွန်တော်တို့ပါတီသည်လည်း မိဘပြည်သူများနဲ့အတူ နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်နိုင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်....

ရှိသေလေးစားအပ်သော မိဘပြည်သူများခင်ဗျာ-----ပါတီရဲ့ အခြေခံရပ်တည်ချက်နှင့် မူဝါဒကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အခြေခံရပ်တည်ချက်ဟာ တိုင်းရင်းသားအားလုံးနဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား၊ တိုင်းပြည်ရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသား ရပ်တည်သွားမှာ ဖြစ်ပါတယ်။

မူဝါဒအားဖြင့် - အခြေခံရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါမယ်။

(၁) တိုင်းရင်းသားများအကြား တန်းတူအခွင့်အရေးရရှိရေး၊ (၂) နိုင်ငံရေး၊ လူမှုရေးပဋိပက္ခများချုပ်ငြိမ်းစေရေးတို့ကို ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အထူးသဖြင့်မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သော နိုင်ငံရေးဝန်းကျင်သစ် ပညာရေးအခြေခံသစ်တွေ ဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားအပေါ်မှာ အခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန်နဲ့ အစွန်းမရောက်စေဘဲ ပြုစုပျိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ ပါတီမူဝါဒတွေထဲက အရေးအကြီးဆုံးအပိုင်းတွေကို တင်ပြချင်ပါတယ်။

တိုင်းရင်းသားများကဏ္ဍ

အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်။ လူမျိုးစွဲ၊ ဒေသစွဲများပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့ တစ်ခုတည်းသော နိုင်ငံ၊ တူညီသော ရည်မှန်းချက်၊ ညီမျှသော ဖွံ့ဖြိုးတိုးတက်မှု၊ အချင်းချင်း အပြန်အလှန်ချစ်ခင်လေးစားမှုရှိပြီး သံသယတွေပျောက်ကင်းတဲ့ ငြိမ်းချမ်းတဲ့အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်...ဒါမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးတမ်းများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားပါမည်။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ

ကျွန်တော်တို့အနေနဲ့ ပြည်သူ့ကျန်းမာရေးကို အခြေခံအခွင့်အရေးအဖြစ် သတ်မှတ်ထားပါတယ်။

- ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးကို တန်းတူခံစားခွင့် ရရှိစေပါမယ်။
- ကျေးလက်ဒေသနှင့် ခက်ခဲဒေသတွေမှာ ဆေးရုံ၊ ဆေးခန်းတွေကို တိုးချဲ့တည်ဆောက်ပေးမယ်။
- ပြည်သူတွေအတွက် ပြည်သူ့ဆေးရုံကြီးတွေနဲ့ ကျေးလက်ဆေးပေးခန်းများအား အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းသွားပါမယ်။
- ဆေးဝါးနဲ့ ဆရာဝန်များ လုံလောက်အောင် စနစ်ကျကျ ဖြန့်ဝေပေးပါမယ်။
- လူတိုင်း ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်သက်သာ၍ အာမခံချက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးသွားပါမယ်။

"ပညာရေးကဏ္ဍ"ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

- နိုင်ငံသားတိုင်းဟာ တန်းတူညီမျှ ပညာသင်ကြားခွင့်ရရှိစေမှာဖြစ်ပြီး ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တွင် အခမဲ့သင်ကြားခွင့်ရရှိအောင် ပံ့ပိုးဆောင်ရွက်သွားပါမယ်။
- ကျေးလက်ဒေသနေ ကျောင်းသား ကျောင်းသူများအတွက် အခြေခံကျောင်းသုံးပစ္စည်းများ အခက်အခဲမရှိအောင် တိုက်ရိုက်ထောက်ပံ့ပေးမယ်။
- နည်းပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို တိုးချဲ့ပေးပြီး လူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းအတွက် လုပ်ငန်းခွင်နဲ့ တိုက်ရိုက်ချိတ်ဆက်ပေးနိုင်တဲ့ လက်တွေ့ပညာရပ်တွေကို ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍ

ဒီကနေ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာ မတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ဥပဒေတွေ အများကြီးလိုနေပါသေးတယ်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ် မျှတတဲ့ဥပဒေတွေပြဋ္ဌာန်းဖို့ လိုအပ်ပါသေးတယ်။ ပြည်သူအခြေပြုတဲ့ ဥပဒေ၊ အမျိုးသားအကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ ဥပဒေ ဖြစ်ရပ့်ါမယ်။ ကျွန်တော်တို့အားလုံး ဥပဒေရဲ့အောက်မှာ ဥပဒေရဲ့ တူညီတဲ့ ကာကွယ်စောင့်ရှောက်မှုကိုရရှိဖို့ ဆောင်ရွက်ပေးသွားပါမယ်။ လုပ်ပိုင်ခွင့်အာဏာကို အလွန်အကျွံသုံးစွဲတဲ့ လုပ်ရပ်တွေကို အဆုံးတိုင်ပယ်ရှားသွားပါမယ်။

အုပ်ချုပ်ရေးကဏ္ဍ

အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင်လည်း စာတွေ့နဲ့ လက်တွေ့အရည်အချင်းနှစ်ပါးနဲ့ ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့ စီမံခန့်ခွဲရေးပညာ ကျွမ်းကျင်တဲ့သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကျစ်လျစ်ခိုင်မာတဲ့ အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့ လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာစီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့ လိုပါတယ်။ ဆုံးဖြတ်ရဲသူတွေ၊ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန် ချမှတ်နိုင်သူတွေ၊ တာဝန်ယူမှု တာဝန်ခံမှုရှိသူတွေနဲ့ ဖွဲ့စည်းထားဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်း မြင့်မားသူတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့ လိုပါတယ်။

စီးပွားရေးကဏ္ဍ

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံ့စီးပွားရေး တိုးတက်မှုဆိုရာ၌ လူတန်းစားသုံးရပ်စလုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် (ရာခိုင်နှုန်း ၇၀)ကျော်ရှိနေသေးတဲ့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။ အခြေခံလူတန်းစားတွေရဲ့ မိသားစုသက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်လမ်းများ ရရှိစေရေး၊ ဈေးကွက်နဲ့ နည်းပညာတိုးတက်ရေး၊ စက်မှုစီးပွားလုပ်ငန်းတွေ တိုးတက်ရေးအတွက် ခေတ်စနစ်နဲ့ကိုက်ညီတဲ့ မူဝါဒကိုရေးဆွဲပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်အားပေးသကဲ့သို့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အရင်းရှင်စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေကိုလည်း ဆန့်ကျင်တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများကဏ္ဍ

ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးသည် အခြေခံကျတဲ့ကဏ္ဍမှာ ပါဝင်နေပါတယ်။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်တဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီနေ့ လယ်သမားများအနေနဲ့ အကြွေးနွံတောမှာနစ်နေတာကို စစ်တမ်းများအရ တွေ့ရပါတယ်။ ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာရရှိမှု၊ စိုက်ပျိုးစရိတ်အချိန်မီရရှိမှု၊ မှန်ကန်တဲ့ ဈေးကွက်ရရှိမှု၊ စိုက်ပျိုးပင်မှန်ကန်မှုတွေသည် တောင်သူလယ်သမားတွေရဲ့ အရေးကြီးသောအရာတွေဖြစ်ပါတယ်။ ဒါကြောင့်-

- တောင်သူလယ်သမားတွေ အဓိကလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာပံ့ပိုးမှု၊ စိုက်ပျိုးနည်းပညာ အချိန်မီရရှိရေးနှင့် စိုက်ပျိုးသီးနှံများကို ဈေးကွက်ဝင်ရောက်ခွင့် ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသွားပါမယ်။ ဒါ့ပြင် တောင်သူလယ်သမားတွေကို ကျေးဇူးဆပ်သောအားဖြင့် တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲများနှင့် တောင်သူလယ်သမားနေ့ အခမ်းအနားကို ခမ်းနားစည်ကားစွာဖြင့် ကျင်းပဂုဏ်ပြုသွားမှာ ဖြစ်ပါတယ်။

အလုပ်သမားကဏ္ဍ

- အလုပ်သမားအင်အားစုများသည် နိုင်ငံတိုးတက်ရေး၊ တည်ဆောက်ရေးအတွက် အခြေခံခိုင်အောင် ဆောင်ရွက်ပေးနေတဲ့ အင်အားစုများ ဖြစ်ပါတယ်။
- အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။
- လုပ်ခလစာညီမျှမှု၊ အလုပ်ချိန်၊ အနားယူခွင့်တွေ နိုင်ငံတကာစံနှုန်းများနှင့်အညီ ရရှိစေရေး အလုပ်သမားဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမယ်။
- နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများကိုလည်း မိခင်နိုင်ငံရဲ့ ဥပဒေအကာအကွယ်စောင့်ရှောက်မှုတွေရရှိအောင် ဆောင်ရွက်ပေးပါမယ်။
- အလုပ်သမားမိသားစုတွေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းတွေကိုလည်း တိုးချဲ့ဖန်တီးပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေး

"နိုင်ငံတကာဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး(မူကြီးငါးချက်)အရ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာနေထိုင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားပါမယ်။

လူငယ်မျိုးဆက်သစ်ကဏ္ဍ

နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေ ဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့ အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို ထပ်မံမွေးထုတ်ပေးနိုင်ဖို့ အထူးလိုအပ်ပါတယ်။ အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် အမျိုးသားလုံခြုံရေး အသိရှိကြဖို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ခိုင်မာတိကျတဲ့ လူငယ်ရေးရာမူဝါဒများရေးဆွဲပြီး ရေရှည်လေ့ကျင့် ပျိုးထောင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား---

ကျွန်တော်တို့ ပါတီမှ ----- မိဘပြည်သူများအပေါ် ကတိကဝတ် အာမခံပြုလိုပါသည်။

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေဖြင့် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ခံရသည့် မိမိတို့ပါတီမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များမှ အောက်ပါလုပ်ငန်းစဉ်များကို အာမခံ ကတိကဝတ်ပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) ပြည်သူလူထုအပေါ် အကာအကွယ်ပေးမည့် ဥပဒေများ ပေါ်ပေါက်ရေးအတွက် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းမှ တတ်စွမ်းသမျှ ဥပဒေပြုတင်ပြဆောင်ရွက်သွားမည်။

(၂) ဒီမိုကရေစီဈေးကွက်စီးပွားရေးစနစ်နှင့် ဆန့်ကျင်သည့် မတရားသဖြင့် အနိုင်ကျင့် လက်ဝါးကြီးအုပ် ယှဉ်ပြိုင်မှုများနှင့် ပြည်သူလူထုအပေါ် မတရားအမြတ်ကြီးစား သွေးစုပ်နေသည့် အရင်းရှင်စီးပွားရေး လုပ်ဆောင်မှုများကို တွန်းလှန်တိုက်ဖျက်သွားမည်။

(၃) တစ်ပိုင်တစ်နိုင်ရာသီ သီးနှံများ စိုက်ပျိုးရောင်းချမှုအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရေးနှင့် အခွန်လွတ်ဈေးများပေါ်ပေါက်ရေး ဖော်ဆောင်ပေးသွားမည်။

(၄) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်။

(၅) မှန်ကန်သည့် တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရေးအပြင် မည်သူမဆို (တရားလို၊ တရားခံ၊ တရားပြိုင်) လူ့ဂုဏ်သိက္ခာရှိစွာဖြင့် ညီညွတ်မျှတစွာ တရားစီရင်မှုခံရစေရေး ဆောင်ရွက်သွားမည်။

(၆) ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးနှင့် ဖိနှိပ်မှုကိုဖြစ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာယန္တရား ကြိုးနီစနစ်ဆိုးမှန်သမျှကို တိုက်ဖျက်သွားမည်။

(၇) နိုင်ငံတော်ဘဏ္ဍာငွေ(ဘတ်ဂျက်)များ အလေအလွင့်မရှိစေရေးနှင့် စီမံကိန်းများ၏ အရည်အသွေး တိကျမှန်ကန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၈) အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်။

(၉) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ၊ နိုင်ငံပိုင်သယံဇာတများကို အလွန်အကျွံ တူးဖော်ထုတ်လုပ်မှုများကို ကာကွယ်တားဆီးသွားမည်။

(၁၀) ပြည်သူများ မိမိတို့နေထိုင်သည့် အိမ်၊ ခြံ၊ မြေများကို မိမိတို့ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရေးနှင့် မြေသိမ်းဆည်းခံရခြင်းများ ဖြစ်ပေါ်လာပါက နစ်နာမှုအခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရရှိစေရေးအတွက် ဥပဒေပြု ကာကွယ်ပေးသွားမည်။

(၁၁) ငွေကြေးဓနအင်အား၊ လူအင်အားဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများ၊ မလျော်ဩဇာသုံး အနိုင်ကျင့်မှုများ ပပျောက်အောင် ဆောင်ရွက်ပေးမည်။

ရှိသေလေးစားအပ်ပါသောမိဘပြည်သူများ ခင်ဗျား

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီသည် အာဏာအတွက် မဟုတ်ပါ။ ပြည်သူလူထုအကျိုးကို ဆောင်ရွက်လိုသောဆန္ဒတစ်ခုတည်းဖြင့် လွှတ်တော်နိုင်ငံရေးကို ကြိုးစားနေကြခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လက်တွေ့အကောင်အထည်ဖော် ကြိုးပမ်းလုပ်ဆောင်သွားပါမယ်လို့ ဒီနေရာက အခိုင်အမာ ကတိပြုပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တင်ပြလိုတာကတော့ ---

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဟာ ပြည်သူအကျိုးကို အစွမ်းကုန် အကာအကွယ်ပေးမယ်၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေးပါမယ်၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေအတွက် လုံခြုံစိတ်ချရတဲ့ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလုပ်ဆောင်သွားပါမယ်။

ထို့အတူ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်အများစုကို မျိုးချစ်စိတ်ရှိသူ၊ အများအကျိုးဆောင်ရွက်လိုသူ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ဖူးသူ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးအပိုင်းတွင် ဘွဲ့ရ၊ ဘွဲ့လွန်ပညာတတ်များကို စိစစ်ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်းနဲ့ လုပ်ရပ်များကို လေ့လာသုံးသပ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်မြို့ ရွာများ၏ အကျိုးစီးပွားနှင့် စစ်မှန်သော အပြောင်းအလဲအတွက် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီကို ရွေးချယ်မဲပေးကြပါ၊ မိဘပြည်သူများနှင့်အတူ တိုးတက်မှုအသစ်တွေကို ဖန်းတီးတည်ဆောက်ချင်ပါတယ်။ အခွင့်အရေးပေးကြပါ။ စစ်မှန်သော အပြောင်းအလဲအတွက် မိဘပြည်သူများရဲ့ရင်ထဲက ဆန္ဒမဲကို အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အမှတ်သားဖြစ်တဲ့ "ကဒေါင်းစိမ်း"ကို မဲပေးရွေးချယ်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျာ။

မိဘပြည်သူများ ကျန်းမာရွှင်လန်းကြပါစေ....

ကလောမြို့၌ အကြိမ်(၂၀)မြောက် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲ ဆုချီးမြှင့်ခြင်းနှင့်ပိတ်ပွဲအခမ်းအနားကျင်းပ

ကလော နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် အကြိမ်(၂၀)မြောက် မြို့လုံးကျွတ် မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပွဲဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် ည ၇ နာရီက မောမြေဦးပန်းခြံ မီးရှော်တိုင်ကွင်း၌ ကျင်းပသည်။

ကပြဖျော်ဖြေ

အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူအကအဖွဲ့များက ကလောမြို့ကဖိတ်ခေါ်သံသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ အကြိမ်(၂၀)မြောက် မဟာတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ ထွန်းညှိပူဇော်ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် အလှူငွေ ထည့်ဝင်လှူဒါန်းပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး မီးပုံးပျံယိမ်များ ပြိုင်တူလွှတ်တင်၍ ပိတ်ပွဲအခမ်းအနား ရုပ်သိမ်းကာ အဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံ အလှပဒေသာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့်နှစ်သိမ့်ဆုရ မီးရှော်တိုင်နှင့် မီးကြာစံအဖွဲ့များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်သူရ၊ ကလောခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

မအူပင်မြို့နယ် သမဝါယမအသင်း ဒါရိုက်တာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

မအူပင် နိုဝင်ဘာ ၁၁

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ဦးစီးမှူးနှင့် မြို့နယ်သမဝါယမ အသင်းစု ဒါရိုက်တာအဖွဲ့များ၊ အသင်းပိုင် လယ်ယာမြေရှိသော သမဝါယမအသင်း နှစ်သင်း၊ အသင်းပိုင် ကိုင်းမြေရှိသော သမဝါယမ အသင်းနှစ်သင်းတို့မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ မြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ မြို့နယ်ဦးစီးအရာရှိ ဦးသန့်စင်က အသင်းပိုင်လယ်ယာမြေများနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ လယ်ယာမြေတွင် စိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးကျော်စိုးမင်းက အသင်းပိုင်လယ်မြေ/သောင်မြေတို့တွင် စိုက်ပျိုးသည့် ဆောင်းသီးနှံများအတွက် လိုအပ်သည့်ပိုးသတ်ဆေး၊ သွင်းအားစုများ ရရှိရေး၊ မြို့နယ်သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပေါင်းစပ်ကာ အထွက်နှုန်းတိုးတက်ရေး အောင်မြင်အောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ညောင်ကျေးရွာ အောင်မင်္ဂလာဘုန်းကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးတို့၏ အစီအမံဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ၊ ညောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်းကာ ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၄၀ နှင့် နိုင်ငံသားစိစစ်ရေးကတ် ၂၂၅ ကတ်တို့ကို ပြည်သူများလက်ဝယ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြိတ်မြို့၌ လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

မြိတ် နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းကျေးရွာများ၏ လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းအကြောင်းအရာများ၊ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက စီမံကိန်းကျေးရွာများရှိ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

မြိတ်ခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ စီမံကိန်းလုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် ငွေကျပ် ၁၄ သန်းဖြင့် ကျေးရွာသုံးရွာတွင် ဆောင်ရွက်ခဲ့ပြီး စားသောက်ကုန်သင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းများ ဖွင့်လှစ်ခဲ့ကာ ထူးချွန်သင်တန်းသူ ၁၅ ဦးအား တစ်ဦးလျှင် ၁၆ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

ဘီးလင်းမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဘီးလင်း နိုဝင်ဘာ ၁၁

ဘီးလင်းမြို့နယ်တွင် ဒုတိယအကြိမ်ကပ်ထားမည့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်နှင့် အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်နှင့် တာဝန်ရှိသူများက အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစာရင်းကို ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်တွင် တိုက်ဆိုင်စစ်ဆေးခြင်း၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲအဖွဲ့များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် တူညီဝတ်စုံများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဒေါပုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၁

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၂၅)ကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာန၌ ဖွင့်လှစ်သည်။

ပြောကြား

ဦးစွာ ဒေါပုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးစိုးမိုးအောင်က မီးငြိမ်းသတ်ခြင်း လုပ်ငန်းသာမက ရေဘေး၊ လေဘေး၊ ငလျင်ဘေးများနှင့်အတူ ဘေးအန္တရာယ်အမျိုးမျိုးကို ကူညီကယ်ဆယ်ပေးရသည့် လုပ်ငန်းများကိုပါ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခြင်းမှာ ကောင်းမွန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ပြီး ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ တတိယအကြိမ်မြောက် ထုတ်ချေး

ကျောက်တန်း နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက္ကမော့ကျေးရွာ၌ မြစိမ်း ရောင်စီမံကိန်းရန်ပုံငွေ တတိယအကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပသည်။

ဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူက မြစိမ်းရောင်ကျေးရွာစီမံ ကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျောက်တန်းမြို့နယ် ဦးစီးမှူး ဦးထွန်းဝင်းလတ်က အတိုး/အရင်း ပေးဆပ်ရန်ကာလနှင့် အတိုးနှုန်းသတ်မှတ် ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူ များက စီမံကိန်းရန်ပုံငွေကျပ် ၃၇၅ သိန်းကို ကျိုက္ကမော့ကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်း အဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ စီမံကိန်းအသင်းဝင် ၄၈ ဦးအား ငွေကျပ် ၃၇၅ သိန်းကို အတိုးနှုန်း သက်သာစွာဖြင့် တစ်ဦးချင်းလက်ဝယ် အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

ဇလွန်မြို့နယ်၌ ဆီထွက်သီးနှံဆောင်းနေကြာ မျိုးစေ့ပေးအပ်

ဇလွန် နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံဆောင်းနေကြာ စိုက်ပျိုးသည့်တောင်သူများအား မျိုးစေ့ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည် ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များက တောင်သူ များအား ဆီထွက်သီးနှံဆောင်းနေကြာ Super Sun –41 ထုပ် ၁၀၀ ၃၅ ကေစာနှင့် ဆင်းရှေကြာ -၂ တင်း ၅၀ ကေ ၂၀၀ စာ မျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)

ရန်ကင်းမြို့နယ်၌ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

ရန်ကင်း နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်း မြို့နယ်၌ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်း အဝေးကို ယမန်နေ့နံနက် ၁၀ နာရီ က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ် က ရပ်ကွက်အလိုက် မဲဆန္ဒရှင် စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေ ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူ များ မဲစာရင်းတွင် ပါဝင်မှုမရှိစေ ရေးကိစ္စရပ်များနှင့် မဲရုံအလိုက် လိုအပ်ချက်များကို ဆွေးနွေးခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွန်းက ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း များ ကပ်ထားကြေညာရာတွင် အမှားအယွင်းမဖြစ်စေရန် ဌာန ဆိုင်ရာများအနေဖြင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

အစည်းအဝေးသို့ မြို့နယ်မြေပြင် ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး များ စုစုပေါင်းအင်အား ၅၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

သာပေါင်းမြို့နယ် သမဝါယမဦးစီးဌာနက မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

သာပေါင်း နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သမဝါယမ ဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီတွင် ဆင်လမ်းကျေးရွာအုပ်စု၌ မိုးစပါးရိတ်သိမ်းမှုအား ကွင်းဆင်းကြည့်ရှုသည်။

သာပေါင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမ ကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ဆင်လမ်း ကျေးရွာ ရွှေဝါရောင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၏ မိုးစပါးရိတ်သိမ်းမှုကို မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သီရိဝင်းနှင့် ဝန်ထမ်းတို့က ကွင်းဆင်းကြည့်ရှုရာတွင် သာပေါင်းမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာလေးရွာ၊ သမဝါယမအသင်းလေးသင်းအနက် ဆင်လမ်း ကျေးရွာ ရွှေဝါရောင်စိုက်/ထွေသမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးကျော်မျိုးလွင်၏ ဆာဖိုးသာစပါးမျိုး ငါးဧကရိတ်သိမ်းခဲ့ရာ အထွက်နှုန်း ၁၁၃ တင်းထွက်ရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးအားပေး ခဲ့ကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံ လမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမတွင် အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲ အခမ်း အနားကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပညာရပ်များ၊ ကယ်ဆယ်ရေးပညာရပ်များ တတ်မြောက်စေရေး နှင့် စည်းကမ်းသေဝပ်မှုရှိစေရေးတို့အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းများကို နှစ်စဉ်လေ့ကျင့်သင်ကြားပေး လျက်ရှိကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သန္နေမီးသတ်တပ်ဖွဲ့ ဝင်များနှင့်လက်တွဲ၍ ဆောင်ရွက်သွားကြရန်” ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကျော်ကျော်နိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသားများ အတွက် တူညီဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

ရေဖြူမြို့နယ် အိန္ဒရာဇာ-ဆင့်ကူး-လယ်ကြီး-မင်းသား-ဆင်စွယ်-ရေငံကြီး-စိန်ဘုံလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်

ထားဝယ် နိုဝင်ဘာ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် အိန္ဒရာဇာ-ဆင့်ကူး - လယ်ကြီး - မင်းသား - ဆင်စွယ်-ရေငံကြီး-စိန်ဘုံလမ်း ၁၅/၀ မိုင်ပေါ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။

ဆောင်ရွက်ပြီးစီး

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂၅ ဒသမ ၃၁၈ သန်းဖြင့် ကွန်ကရစ် ခင်းခြင်းလုပ်ငန်း အောက်ခံကျောက်အပါ ၀/၆ မိုင် လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါလမ်းပိုင်းကို ကွန်ကရစ်လမ်း အဖြစ် လမ်းအဆင့်မြှင့်တင်ပေးခြင်းကြောင့် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာသည့်အပြင် မြို့ပြနှင့် ကျေးလက် ဒေသ ချိတ်ဆက်သောလမ်းဖြစ်သဖြင့် လမ်းကြောင်းပေါ်ရှိ ကျေးရွာခုနစ်ရွာနှင့် ဒေသခံ ပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက် အကူပြုနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန် လာမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က တာမွေမြို့နယ် မီးသတ် ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပစဉ်။

ခင်ဝင်း(ပြန်/ ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အရန် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၂၅)ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ ၌ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ခင်းကျင်း ပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

နေမျိုးအောင်(ပြန်/ဆက်)

သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

သထုံ နိုဝင်ဘာ ၁၁

မွန်ပြည်နယ် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အလွတ်တန်း ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက သထုံမြို့ နန်းခဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် ALL STAR (ပေါ်တော်မူ) ဘောလုံးအသင်းနှင့် စောကရင်(ဈေးမသွယ်) ဘောလုံးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ သထုံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဘောလုံးဝါသနာရှင် ပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပထမဆုရရှိခဲ့သည့် စောကရင်(ဈေးမသွယ်) ဘောလုံးအသင်းအား ဂုဏ်ပြုဆုဖလားနှင့် ဆုတံဆိပ်တို့ကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက်တာဝန်ရှိသူတို့က ဒုတိယဆု၊ ပူးတွဲတတိယဆုနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

✻ အင်တာမီလန်မှ

အခုပွဲစဉ်မှာ အင်တာမီလန်အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ လော်တာရိုမာတီနက်ဇ်ဟာ အောက်တိုဘာ ၄ ရက်နောက်ပိုင်း အင်တာမီလန်အသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ လာဇီယိုအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အီတလီစီးရီးအေပွဲစဉ်သုံးပွဲဆက် အနိုင်ရရှိခဲ့ပြီဖြစ်တဲ့အပြင် ပွဲစဉ်(၁၁)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၄ မှတ်နဲ့ အမှတ်ပေးဇယားဒုတိယနေရာက ရိုးမားအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

လာဇီယိုအသင်းကတော့ အီတလီစီးရီးအေပွဲစဉ်(၁၁)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၉)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ပွဲစဉ်(၁၁) မတိုင်မီ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ နာပိုလီအသင်းကတော့ ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ်(၁၁)အပြီးမှာ ရမှတ် ၂၂ မှတ်သာ စုဆောင်းနိုင်ခဲ့လို့ အမှတ်ပေးဇယားအဆင့်(၄)နေရာ ဆင်းပေးခဲ့ရတာဖြစ်ပါတယ်။ **ငွေကြယ်**

❍ ကျောဖုံးမှ

ကာလရှည်လေ့ကျင့်ပြင်ဆင်နေသည့် အသင်းဖြစ်သည်။ ယူ-၂၂ (ခ) အသင်းကို နည်းပြချုပ်အဖြစ် ဟံသာဝတီယူနိုက်တက်အသင်း နည်းပြချုပ် ဦးမျိုးမင်းထွန်းက ကိုင်တွယ်နေပြီး ယူ-၂၂ (က)အသင်း၌ မပါဝင်သူများ၊ MNL၊ MNL-2 နှင့် ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲဝင်ကလပ်အသင်းများမှ အလားအလာရှိသူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယူ-၂၂ (ခ) အသင်းသည် နိုဝင်ဘာ ၇ ရက်တွင် စတင်လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ (ခ) အသင်းတွင် အုပ်ချုပ်သူ ဦးဇော်လင်းထွန်း (မဟာယူနိုက်တက်)၊ နည်းပြချုပ် ဦးမျိုးမင်းထွန်း (ဟံသာဝတီယူနိုက်တက်)၊ လက်ထောက်နည်းပြ ဦးပေါ်ထွန်းကျော်(သစ္စာအားမာန်)၊ ဦးချစ်ကိုကို(ဟံသာဝတီယူနိုက်တက်)၊ ဂိုးနည်းပြ- ဦးနိုင်လင်းထွန်း (ဟံသာဝတီယူနိုက်တက်)၊ ကစားသမားများအဖြစ် ဂိုးသမား- ခန့်မင်းသန့် (ရခိုင်ယူနိုက်တက်)၊ ပိုင်ဇင်(အား/ကာသိပ္ပံ)၊ စိုင်းသီဟနိုင် (ရှေဝတီယူနိုက်တက်)၊ ကစားသမား- ဟိန်းဇော်နိုင်၊ လူမင်းချစ်၊ အောင်သူရိန်၊ ဟိန်းသီဟမင်း(ရတနာပုံ)၊ ဝေယံလင်းသူ(ဒဂုံစတားယူနိုက်တက်)၊ ထွန်းထွန်းသိန်း (Dagon Port)၊ လင်းလက်ထွေး၊ ဟိန်းထက်အောင် (ရှေဝတီယူနိုက်တက်)၊ သူရ(ရခိုင်ယူနိုက်တက်)၊ ခွန်းချိုထူး (ရန်ကုန်ယူနိုက်တက် ယူ-၂၁)၊ ချစ်အေး၊ သာယာဝင်းထက် (ရန်ကုန်ယူနိုက်တက်)၊ ဟန်ထွန်းဇော် (ရှမ်းယူနိုက်တက်)၊ ပြည့်စုံအောင် (သစ္စာအားမာန်)၊ စောဆဲကပေါ်ဆေး၊ ဟိန်းထက်ငြိမ်း၊ ကျော်ဇေယျ(အား/ကာသိပ္ပံ)၊ သော်ဇင်ကို(Junior Lions)၊ ဝိုင်းလု(ဟံသာဝတီယူနိုက်တက်)၊ အေဆက်ကို၊ ကောင်းဇေယျာလင်း(မဟာယူနိုက်တက်)တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၂၂ (က) အသင်းနှင့် ယူ-၂၂ (ခ) အသင်းသည် နိုဝင်ဘာ ၁၄ ရက်တွင် ထပ်မံခြေစမ်းမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

ဝါးခယ်မမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

ဝါးခယ်မ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၅) ကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမြင့်က အမှာစကားပြောကြားပြီး မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမြင့်နှင့် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်တို့က အရန်မီးသတ်ခေါင်းဆောင်များနှင့် သင်တန်းသားများအား တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။ သင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ သင်တန်းသား ၅၀ အား ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

❖ 2025 မှ

ဖွင့်ပွဲတွင် အထက်မြန်မာပြည်ကိုယ်စားပြု မန်းစီးတီး ဂေါက်သီးရိုက်အသင်းနှင့် အောက်မြန်မာပြည်ကိုယ်စားပြု ရင်လုံ ဂေါက်သီးရိုက်အသင်းတို့မှ ဥက္ကဋ္ဌများက အသင်းအလံများ လဲလှယ်ကြသည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မန်းစီးတီးဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးရွှေမြင့်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ရင်လုံဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မန်းစီးတီးဂေါက်သီးရိုက်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ရင်လုံဂေါက်သီးရိုက်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးရန်အောင်၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မန်းစီးတီးဂေါက်သီးရိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ကိုကို၊ ရင်လုံဂေါက်သီးရိုက်အသင်း ကြီးကြပ်ရေးမှူး ဦးစိုင်းစောမြင့်တို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲပထမနေ့ကို စတင်ယှဉ်ပြိုင်သည်။

နိုဝင်ဘာ ၁၁ ရက်က ကျင်းပသည့် ပြိုင်ပွဲပထမနေ့တွင် Four-Ball Match Play (နှစ်ယောက်တွဲကျင်းပြတ်) ပြိုင်ပွဲကျင်းပပြီး နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပမည့် ဒုတိယနေ့တွင် Individual Match Play (တစ်ဦးချင်းကျင်းပြတ်ပြိုင်ပွဲ) ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ Ryder Cup ပုံစံအတိုင်း ကျင်းပသည့်ပြိုင်ပွဲဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

ဓာတ်ပုံ-MGF

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင် အမှာစကားပြောကြားစဉ်။ မြို့နယ်(ပြန်/ဆက်)

လေးမျက်နှာမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး နှိုးဆော်သတိပေး

လေးမျက်နှာ နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲနောင်ဝင်း၏ စီမံလမ်းညွှန်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့ညနေပိုင်းတွင် ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်နှိုးဆော်သတိပေးဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူး ဦးထက်ဝေဦး ဦးဆောင်ကာ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက လေးမျက်နှာမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ နေအိမ်တိုင်းတွင် ရေလုံလောက်စွာထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ ရေပုံးသဲအိတ်များထားရှိရေး၊ ထမင်း၊ ဟင်းချက်ပြုတ်ရာတွင် ထင်း၊ မီးသွေးများဖြင့် ချက်ပြုတ်ပါက နေအိမ်အပေါ်ထပ်များတွင် ချက်ပြုတ်ခြင်းမပြုကြရန် သတိပေးနှိုးဆော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ဧရာဝတီတံတား(ရတနာသိင်္ဂီ)”** ခေါင်းစဉ်ဖြင့် ၁၂-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီ တွင် **“တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

"ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ နီလာရတနာလမ်း၊ မြို့ကွက်တိုးချဲ့ တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဒေါ်ခင်ထွေးအေး၊ အမျိုးသားမှတ်ပုံတင်အမှတ်(PKA- ၀၄၆၃၆၄) အမည်ဖြင့်ချထားပေးသော၊ မြေကွက်ကြီးအမှတ်(၈/၂)၊ အိမ်ရာကွက်ငယ်အမှတ်(၆၉၃)၊ မြေကွက်အကျယ်(၄၀' x ၆၀') မြေအပါအဝင်အကျိုးခံစားအရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ ဦးနေလင်းသူ (ဘ) ဦးမိုးရှောင်ခွင်(ခ)ဦးထွန်းရီ[၁၂/သဃက(နိုင်)၁၅၇၆၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဦးဘုန်းမြင့်ကျော် ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မဉ္ဇူအေးသိန်း (LL.B) **ဒေါ်ဝင်းမာဦး(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၂၅၇) **အထက်တန်းရှေ့နေ(စဥ်-၅၇၀၂၁)**
(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။
ဖုန်း-၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက်အမှတ်-၅၁၇/က၊ ဧရိယာ (၀.၀၂၇၅) ဧက၊ (အလျား ၂၀ ပေx အနံ ၆၀ ပေ) အကျယ်အဝန်းရှိသော ဒေါ်ခင်လှအမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င) ရပ်ကွက်၊ နွယ်နီ (၁၂) လမ်း၊ အမှတ်-၅၁၇/က ဟုခေါ်တွင်သော မြေကွက်နှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးသိန်းဝင်းဇော်[၁၂/ဥကမ (နိုင်) ၁၀၀၀၅၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မေသကြိန် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၀၄၅)
အမှတ်-၅၆၃၊ ပထမထပ်၊ အခန်း-၁၀၃ (A) ၊ MAC Tower ၊
မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၂၂၀၁၃၈၀

ကန့်ကွက်နိုင်ပါကြောင်း

သန်လျင်မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် - ၁ ၊ မြေကွက်အမှတ် (၁၂၃)၊ ဧရိယာ(၀.၇၀၆)ဧက၊ နှစ်(၆၀)မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်သီသီ ဖြစ်ပါသည်။ ၎င်းမြေကွက်အားအမည်ပေါက်မှ အမှုတွဲအမှတ်၊ ၁၈၂/ ၂၃- ၂- ၂၀၁၇ ဖြင့် ဘဏ်ငွေချေးရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးလျှောက်ထားခဲ့ပြီး၊ အဆိုပါ မြေပုံ/ မြေရာဇဝင်(မူရင်း)မှာ ပျောက်ဆုံးသွားသောကြောင့် ကျမ်းကျိန်လွှာအမှတ်စဉ် (၁၂၁၃၆/၂၀၂၅)၊ (၁၅-၁၀-၂၀၂၅) တင်ပြ၍ ဘဏ်ငွေချေးရန် မြေပုံ/မြေရာဇဝင် ထပ်မံရေးကူးလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)၊ လူနေရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၁/ဃ)၊ ဧရိယာ (၀.၀၅၈)ဧက၊ အကျယ်အဝန်း (၃၀ ပေx၈၅ ပေ)ရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် (အရပ်ခေါ်) ရန်ကုန်တိုင်းဒေသကြီး၊ (၃)ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၁/ဃ)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုကြသူ ၁။ ဦးဇော်ဇော်နိုင် [၁၂/ပဇတ(နိုင်) ၀၂၇၂၇၃]၊ ၂။ ဒေါ်ပြည့်ဝန်းနိုင် [၁၂/ပဇတ(နိုင်)၀၃၁၈၈၁]၊ ၃။ ဦးကောင်းထက်နိုင် [၁၂/ပဇတ(နိုင်)၀၃၂၆၆၄]၊ ၄။ ဒေါ်လွဲ့ဝန်းနိုင်ချို [၁၂/ပဇတ(နိုင်)၀၃၆၄၆၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းကျော်ဦး [၈/မဘန(နိုင်)၀၇၆၀၅၉]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ထူးထူးရင် (LL.B,LL.M) (credit) **ဒေါ်ဖြူသင်းကြိုင် (LL.B, D.BL)**
(စဉ်-၈၀၂၄) **(စဉ်-၁၁၃၀၈)**
တရားလွှတ်တော်ရှေ့နေများ
ရုံး - အမှတ် (၄၃)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ သီတာလမ်း၊
ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၇၈၁၅၇၇၉၆၉၊ ၀၉-၄၀၀၂၄၉၉၃

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း/(၁)ရပ်ကွက်၊ တိုက်အမှတ်(၂၄၇)၊ မြို့ဟောင်း(၁၂)လမ်းဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက် (တိုက်အဆောက်အဦအား မျက်နှာမူ၍ ရေတွက်လျှင်) **(လက်ဝဲဘက်/ခြေရင်းခန်း/ဒုတိယထပ်)** တိုက်ခန်း(၁)ခန်း နှင့် ကိုယ်ပိုင်မီတာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရောင်းကတိစာချုပ် အဆင့်ဆင့်တို့ဖြင့် နောက်ဆုံးဝယ်ယူခဲ့သူ ဒေါ်ခင်ပြုံးကြည် [၁၂/မရက(နိုင်)၁၂၃၀၉၇]က မိမိကိုယ်တိုင် ပိုင်ဆိုင်/လက်ဝယ်ရှိ/ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ ရောင်းချရာ (၁၀-၁၁-၂၀၂၅) နေ့၌ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ရောင်းသူသို့ စရန်ပေးစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်၏ အကျိုးသက်ဆိုင်သူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၂၅-၁၁-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ကာယကံရှင် လူကိုယ်တိုင် အထောက်အထားမူရင်းများ ယူဆောင်လာ၍ အားမနာတမ်း ကန့်ကွက်အရေးဆိုနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

ဝယ်ယူသူ - ဒေါ်ဝင်းဝင်းသန်း [၁၄/ကလန (နိုင်) ၁၃၁၁၃၅] ၏
လွှဲအပ်ညွှန်ကြားချက်အရ
ဦးနေဝင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၃)
တိုက်အမှတ် (၄၁)၊ အခန်းအမှတ် (ဘီ-၃)၊ (၁၁)လမ်း၊
(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀၊ လူနေရပ်ကွက်အမှတ်- အနော်ရထာစက်မှုဇုန်၊ မြေကွက်အမှတ်- J-4၊ အကျယ် (၁၂၀'x၄၄၈')၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (J-4)၊ ရေဝတီလမ်း၊ အနော်ရထာ(ဇုန်)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးရွှေကြိုင် [၁၂/ဒဂန(နိုင်) ၀၂၆၇၆၀] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးခင်မောင်ဇော် [၁၃/ညရန(နိုင်) ၀၈၁၁၈၀]နှင့် ဒေါ်သီဂီမြင့် [၁၃/တကန(နိုင်) ၁၉၂၀၆၉]တို့က မိမိတို့ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးမျိုးမင်းဟိန်း **ဦးကောင်းမြတ်ဇော်**
အထက်တန်းရှေ့နေ (စဉ်- ၅၆၁၃၉) **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၉၂)**
အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်- ၄၀၂၊ (၄-လွှာ)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သံဒင်း/၄၆၊ မြေကွက်အမှတ်- ၈၂၇/က၊ အကျယ် (၂၀'x၆၀')၊ မြေအမျိုးအစား- ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၈၂၇/က)၊ ဘိုကလေး (၅)လမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးလှမောင် [၁၂/လမန(နိုင်) ၀၁၈၃၄၆] အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးဆောင်းဦးသက် [၁၄/ဖပန(နိုင်) ၁၉၀၄၅၆]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးမျိုးမင်းဟိန်း **ဦးကောင်းမြတ်ဇော်**
အထက်တန်းရှေ့နေ (စဉ်- ၅၆၁၃၉) **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၉၂)**
အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်- ၄၀၂၊ (၄-လွှာ)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၂၁၀၊ သုခလမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်- ၃၇၊ မြေကွက်အမှတ်- ၂၁၀၊ ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးညွှန့်မောင် (KGN-074506)အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် (၂၀x၆၀)ပေအကျယ်အဝန်းရှိ (လမ်းမမှမြေကွက်ကိုမျက်နှာမူကြည့်လျှင် ဘယ်ဘက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကေသီလှိုင် [၅/ကဘလ(နိုင်) ၁၅၃၀၇၃]မှ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
ဒေါ်ခင်ချောသု (LL.B, LL.M, M.Res) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅

စာအုပ် စာပေ လှူမိတ်ဆွေ

ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ မူလွန်-ကံဦး(အနောက်)ကျောင်း၊ Grade (3)တွင် ပညာသင်ကြားနေသော မသျှံသျှံသာ(ခ)မအဲလစ်အိန္ဒြာကျော်၏ ဖခင်အမည်မှန်မှာ ဦးကောင်းထက်မော် [၉/ပမန (နိုင်)၂၃၆၇၁၅] ဖြစ်ပါကြောင်း။

ဦးကောင်းထက်မော်

မိဘအမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ သာစည်မြို့နယ်၊ အလက(ခွဲ) ကွမ်းခြံရိုး၊ Grade-5 မှ မဝေဇာခြည်ခိုင်၏ မိဘအမည်မှန်မှာ ဦးထွန်းဝေဖြိုး [၉/သစန (နိုင်) ၂၁၆၈၁၅]နှင့် ဒေါ်မီမီခိုင် [၉/သစန (နိုင်) ၁၄၄၄၀၈] ဖြစ်ပါကြောင်း။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ Toasta အိမ်ရာ၊ ခြံအမှတ် (၄၃)နေ **ဦးညီလင်းထက် (ဘ) ဦးညီညီလွင် [၁၂/မဂတ (နိုင်) ၀၉၅၅၃၃]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ **ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၃ (စက်မှုရပ်ကွက်)၊ စက်မှုဇုန် (၂)အတွင်း၌တည်ရှိသော မြေကွက်အမှတ် -(၁၁၂၃)၊ မြေကွက်အမှတ် (၁၁၂၄)၊ မြေကွက်အမှတ် (၁၁၂၅)**ရှိ နှစ်(၆၀) ဂရန်မြေကွက် (၃)ကွက်၌ရှိသော စာအုပ်ချုပ်လုပ်ငန်းနှင့် ပုံနှိပ်လုပ်ငန်းများလုပ်ကိုင်သည့်စက်ရုံနှင့် ယင်းစက်ရုံများအတွင်း၌ရှိသော ပုံနှိပ်စက်လုပ်ငန်းနှင့် ဆက်စပ်သည့်စက်ပစ္စည်းများ၊ အခြားဆက်စပ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညီလင်းထက်နှင့် ၎င်း၏ညီဖြစ်သူ **ဦးသော်ဇင်လတ် (ဘ) ဦးညီညီလွင် [၁၂/သဃက (နိုင်) ၁၈၀၅၉၇]တို့ (၂)ဦး ပူးတွဲပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီလင်းထက် အမည်ပေါက်ပိုင်ဆိုင်သော ကားနှစ်စီးဖြစ်သည့် Toyota Alphard မော်တော်ယာဉ်အမှတ် - YGN (3J/9228) (နီညိုရောင်) (၁)စီးနှင့် ISUZU ELF မော်တော်ယာဉ် အမှတ် - BGO (3G/6402) (အဖြူရောင်) (၁)စီး**တို့သည် ဦးသော်ဇင်လတ်၏ လက်ဝယ်တွင်ရှိပါသည်။

၂။ ထို့ကြောင့် အထက်အပိုဒ်(၁)တွင်ဖော်ပြထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်များကို ကျွန်ုပ်မိတ်ဆွေ၏ မိဘနှစ်ပါးတို့နှင့်လည်း သက်ဆိုင်ခြင်းမရှိပါသဖြင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီလင်းထက် သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံတင်သွင်းခြင်းများ မပြုလုပ်ရန်နှင့် အထက်အပိုဒ်(၁)ပါ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား ဦးညီလင်းထက် သိရှိသဘောတူခွင့်ပြုချက်မရရှိဘဲ လိမ်လည်လှည့်ဖြား၍လည်းကောင်း၊ အကြောင်းအမျိုးမျိုးပြ၍လည်းကောင်း အလွဲသုံးစားပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ထပ်မံ၍ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရွှေရည်ဝင်း (LL.B) **ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**
အထက်တန်းရှေ့နေ (စဉ်-၄၇၉၂၉) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၀၀)**
ရုံးခန်း။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ (၄) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းအမှတ်(၄) ရပ်ကွက်၊ စာဂ(၁၅)လမ်း၊ မြေကွက်အမှတ် (၈၇၁/က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း- အလျားxအနံ (၂၀ပေx ၆၀ပေ)ရှိ ဦးတင်ထွန်း+ဦးတင်မြင့် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းဘက်အခြမ်း) မြေအကျယ်အဝန်း အလျားxအနံ(၁၀ပေx၆၀ပေ)ရှိ အိမ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရင်ရွှေ [၁၂/ဥကတ(နိုင်)၁၄၃၇၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီသီဝင်းထွန်း [၁၂/ဥကတ(နိုင်)၀၃၈၆၇၃]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၀၁)
အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း- ၀၉-၅၁၃၁၂၀၃ ၊ ၀၉-၂၅၁၀၁၂၅၃၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ မြေကွက်အမှတ်(၁၀၁၃-ခ)၊ နဝရတ်ကိုးသွယ်လမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးသိန်းတင်** [၁၂/ဥကတ(နိုင်) ၀၇၀၇၁၂] အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ခင်မာဌေး** [၁၂/တမန(နိုင်) ၀၂၁၉၀၉]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်စန်းစန်းရီ** [၁၂/မရက(နိုင်) ၁၁၀၀၂၅] အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မွန်မွန်ချို(LL.B) **ဒေါ်စန္ဒာဝင်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- 1A၊ မြေကွက်အမှတ်- ၅၀၊ အကျယ်အဝန်းဧရိယာ- (၀.၁၉၃) ဧက (၈၄၁၅ စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်၊

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- 1 A၊ မြေကွက်အမှတ်- ၅၁၊ အကျယ်အဝန်းဧရိယာ- (၀.၁၅၆) ဧက (၆၈၀၀စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်နှင့်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- 1 A၊ မြေကွက်အမှတ်- ၅၂၊ အကျယ်အဝန်းဧရိယာ- (၀.၁၅၆) ဧက (၆၈၀၀ စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်၊ စုစုပေါင်း မြေကွက် (၃) ကွက်တို့ကို ပါမစ်အမည်ပေါက်သူ လိုင်စောလင်း (ခ) မောင်မောင်လင်းထံမှလည်းကောင်း၊

၄။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- 1 B၊ မြေကွက်အမှတ်- ၁၅၂၊ အကျယ်အဝန်းဧရိယာ- (၀.၂၂၁) ဧက (၉၆၄၀စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်၊

၅။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- 1 B၊ မြေကွက်အမှတ်- ၁၅၄၊ အကျယ်အဝန်းဧရိယာ- (၀.၂၂၁) ဧက (၉၆၄၀စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်၊

၆။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- 1 A၊ မြေကွက်အမှတ်- ၁၆၂၊ အကျယ်အဝန်းဧရိယာ- (၀.၂၂၂) ဧက (၉၆၅၂စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်နှင့်

၇။ ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် - 1 A၊ မြေကွက်အမှတ် - ၁၆၆ ၊ အကျယ်အဝန်းဧရိယာ - (၀.၂၂၃) ဧက (၉၇၁၂စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁) ကွက် ၊ စုစုပေါင်းမြေကွက် (၄) ကွက် တို့အား ပါမစ်အမည်ပေါက်သူ လိုင်စွန်စိန်(ခ) ဦးကြည်စိန် (ခ) ဦးကြီးစိန် ထံမှလည်းကောင်း၊

၈။ ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၁ (1 A)၊ မြေကွက်အမှတ် - ၆၄ ၊ အကျယ်အဝန်းဧရိယာ- (၀.၁၅၆) ဧက (၆၈၀၀စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁)ကွက်၊

၉။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၁ (1 A)၊ မြေကွက်အမှတ် - ၆၅ ၊ အကျယ်အဝန်းဧရိယာ (၀.၁၉၃)ဧက (၈၄၁၅ စတုရန်းပေ)ရှိ ပါမစ်မြေကွက် (၁) ကွက်၊ စုစုပေါင်းမြေကွက် (၂)ကွက်တို့အား ပါမစ်အမည်ပေါက်သူ လိုင်လွန်ကြည် (ခ) ရင်ကြည် ထံမှလည်းကောင်း၊

၁၀။ ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာယာမြို့နယ် ၊ မြစိမ်းရောင်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် - 1 A၊ မြေကွက်အမှတ် ၉၂ ၊ အကျယ်အဝန်းဧရိယာ - (၀.၁၅၆) ဧက (၆၈၀၀စတုရန်းပေ) ရှိ ပါမစ်မြေကွက် (၁)ကွက်၊

